ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(၂၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၃း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၃း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၁.၆၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမြအုန်း၊ ကချင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဘတ်ဂျက်အစည်းအဝေး။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းပူးပေါင်း အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ငွေးအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ငွေးအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ငွေးအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ငွေးအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ငွေးအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ငွေးအတိုင်း။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကံညွန့်၊ စစ်ကိုင်း (၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆန်းရယ်၊ ကယား(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်

(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကော်မတီအစည်းအဝေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၆၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြောက်ဦးမြို့တွင်းရှိ လမ်းများကို ခရိုင်အဆင့်နှင့် လိုက်ဖက် ညီညွတ်မှုရှိအောင် ပြည်ထောင်စုအစိုးရ ဘဏ္ဍာငွေ သို့မဟုတ် ပြည်နယ်အစိုးရ ဘဏ္ဍာငွေဖြင့် သီးသန့်အစီအစဉ်တစ်ရပ် ချမှတ်ကာ အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က မြောက်ဦးမြို့တွင်းရှိ လမ်းများကို ခရိုင်အဆင့်နှင့် လိုက်ဖက် ညီညွတ်မှုရှိအောင် ပြည်ထောင်စုအစိုးရ ဘဏ္ဍာငွေ သို့မဟုတ် ပြည်နယ်အစိုးရ ဘဏ္ဍာငွေဖြင့် သီးသန့်အစီအစဉ် တစ်ရပ်ချမှတ်ကာ အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၁။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော် အနည်းငယ်မျှ ရှင်းလင်းတင်ပြပေးပါမယ်။

ပထမအကြိမ်၊ ရခိုင်ပြည်နယ် လွှတ်တော် စတုတ္ထအကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မြောက်ဦးမြို့ကို ခရိုင်မြို့အဆင့်သို့ တိုးမြှင့်ပေးဖို့ သတ်မှတ်အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် မြောက်ဦးမြို့ဟာ ယခုအခါမှာ ခရိုင်မြို့တစ်မြို့ ဖြစ်နေပါတယ်။ ခရိုင်အဆင့်ရုံး အချို့လည်း ဖွင့်လှစ်ထားပြီးဖြစ်တာကို တွေ့ရှိရပါတယ်။

မြောက်ဦးမြို့ဟာ ခရိုင်မြို့ကြီးတစ်မြို့ ဖြစ်လာပေမယ့်လည်း မြို့တွင်းမြို့ပြင် လမ်းများမှာ ကောင်းမွန်တိုးတက်လာမှု အဆင့်တိုးမြှင့်လုပ်ဆောင်မှု မရှိသေးပါဘူး။ အသွားအလာ စည်ကားလှတဲ့ လမ်းများဖြစ်တဲ့ အချို့စည်းကားသော လမ်းများဖြစ်ကြတဲ့ မဟာပညာကျော်ဖြစ်တဲ့ (ဈေးလမ်း)၊ မင်းဗာကြီးလမ်း၊ ဦးဥတ္တမလမ်းများ စတဲ့ လမ်းများကို အဆင့်မြှင့်တင်ပြုလုပ်မှု မရှိသေးတဲ့အတွက် ယာဉ်များ သွားလာတဲ့အခါ ဖုန်တလိမ့်လိမ့် လွင့်တက်ပြီး ခရီးသွားဧည့်သည်များနှင့် ဒေသခံများမှာ နေ့စဉ်နေ့တိုင်း ဖုန်ထူသောလေကို ရှူရှိုက်နေကြရပါတယ်။ ဖုန်ထူသောလေကို ရှူရဖန်များလာတဲ့အခါ နှာခေါင်း၊ လည်ချောင်းနှင့် အဆုပ်နှင့် ပတ်သက်တဲ့ရောဂါများ ဖြစ်ပွားလာနိုင်ပြီး မျက်စိနဲ့ ပတ်သက်တဲ့ ဝေဒနာများကိုလည်း ခံစားလာကြရမှာ ဖြစ်ပါတယ်။ မြောက်ဦးမြို့ဟာ ရခိုင်တို့ရဲ့ သမိုင်းဝင် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ ထွန်းကားတည်ရှိရာဒေသ တစ်ခုဖြစ်တဲ့အတွက် ကမ္ဘာလှည့်ခရီးသွားတွေ၊ ပြည်တွင်းဘုရားဖူး ခရီးသည်များ လာရောက်ကြပါတယ်။ အဆိုပါ ခရီးသွားဧည့်သည်များကိုလည်း အားနာစရာ ကောင်းပါတယ်။ သူတို့ကို အကြောင်းပြုလို့ မြို့တွင်းလမ်းများ၊ မြို့ပတ်လမ်းများ ကောင်းမွန်သန့်ရှင်းမှုရှိဖို့ လိုအပ်နေသည်ဆိုတာကို အထူးပြောနေစရာ မလိုအပ်ပါဘူး။

ခရိုင်သစ်ဖြစ်တဲ့ မြောက်ဦးမြို့တွင်းရှိ လမ်းများအားလုံးလိုလို ယိုယွင်းပျက်စီးနေပါတယ်။ ကတ္တရာလမ်းဆိုပေမယ့်လည်း ကတ္တရာများ မရှိတော့ဘဲ အောက်ခံကျောက်နှင့် မြေသားများ ဖရိုဖရဲ ဖြစ်ပြီး ချိုင့်ခွက်များ ဖြစ်ပေါ်နေပါတယ်။

ပြောလက်စပြောလိုက်ပါဦးမယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး လွှတ်တော် ရပ်နားချိန်မှာ မြောက်ဦးမြို့ကို ရောက်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီး ခရီးစဉ်မတိုင်မီ နှစ်ရက်လောက် အလိုမှာ ဥက္ကဋ္ဌကြီး သွားမယ့်လမ်းကြောင်းတစ်လျှောက် ချိုင့်များတဲ့နေရာတွေမှာ မြေသားတွေဖို့တယ်၊ ဖာထေး တယ်။ အဲဒါတွေနဲ့ စည်ပင်ဝန်ထမ်းတွေ အလုပ်များနေတာကို တွေ့မြင်နေရပါတယ်။ ဒီမြင်ကွင်းကြောင့် လည်း ဒီမေးခွန်းဖြစ်လာတယ်လို့ ဆိုရင်လည်း ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ခရိုင်မြို့ရဲ့ လမ်း များဟာ ခရိုင်အဆင့်နှင့် လိုက်လျောညီထွေရှိနေဖို့ လိုအပ်ပါတယ်။ လိုက်ဖက်မှု ရှိနေရပါမယ်။ အခြားသော ခရိုင်မြို့တွေနဲ့လည်း နှိုင်းယှဉ်ကြည့်ရှုဖို့ လိုအပ်ပါမယ်။ အဲဒီလိုဖြစ်လာဖို့အတွက် မြို့နယ် ဘဏ္ဍာငွေနဲ့တော့ ဘယ်လိုမှ အဆင်ပြေနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ မြောက်ဦးမြို့တွင်းရှိ လမ်းများကို ခရိုင်အဆင့်နှင့် လိုက်ဖက်ညီညွတ်မှုရှိလာ အောင် ပြည်ထောင်စုအစိုးရဘဏ္ဍာငွေ ဒါမှမဟုတ် ပြည်နယ်အစိုးရဘဏ္ဍာငွေနဲ့ သီးသန့်အစီအစဉ် တစ်ရပ်ချမှတ်ပြီးတော့ အဆင့်မြှင့်တင် လုပ်ဆောင်ပေးသွားရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၁၅။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)**။ ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး၊ ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါ တယ်။

မြောက်ဦးခရိုင်သစ်ရဲ့ မြောက်ဦးမြို့နယ်အတွင်းမှာရှိတဲ့ လမ်းများအားလုံး ယိုယွင်းပျက်စီး လျက်ရှိရာ ခရိုင်/မြို့နယ်အဆင့်နှင့် လိုက်ဖက်ညီညွတ်မှု မရှိဖြစ်နေပါသဖြင့် သီးသန့်အစီအစဉ် တစ်ရပ် ချမှတ်ကာ မြို့တွင်းလမ်းမများကို အဆင့်မြှင့်တင် ပြုလုပ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရ ဘဏ္ဍာငွေ သို့မဟုတ် ပြည်နယ်အစိုးရဘဏ္ဍာငွေမှ ကျခံသုံးစွဲသွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း ပြီးတော့ မြောက်ဦးမြို့နယ်အတွင်းမှာရှိတဲ့ စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တွင် မင်းသားကြီးရွှေဘန်းလမ်းကတ္တရာခင်းခြင်း (၄၀၀ ပေ x ၁၂ ပေ x ၇ လက်မ)၊ မဟာပညာကျော်

လမ်းကတ္တရာခင်းခြင်း (၆၀၀ ပေ x ၁၂ ပေ x ၇လက်မ)၊ မြို့တွင်းလမ်းပေါက်ဖာခြင်း (၆၇၅၃ စတုရန်းပေ) နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မာရင်ါးပါးဘုရားသွားလမ်းနဲ့ ဘုရားပေါ်ဘုရားသွားလမ်း၊ လေးမြို့စားလမ်း ကတ္တရာခင်းခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေနဲ့ လေးမြို့စားလမ်း ကတ္တရာခင်းခြင်း (၉၀၀ ပေ x ၁၂ ပေ x ၁၆ လက်မ) ခန့်မှန်းကုန်ကျငွေ ကျပ် (၂၇.၆၅) သန်းနဲ့ မင်းသားကြီးရွှေဘန်းလမ်း ကတ္တရာခင်းခြင်း (၁၆၀၀ ပေ x ၁၂ ပေ x ၁၃ လက်မ) ခန့်မှန်းကုန်ကျငွေ ကျပ် (၂၂.၅၈) သန်းတို့ကို ဆောင်ရွက်ရန် လျာထား ထားရှိပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ်အကုန်မှာ မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ မြို့တွင်းလမ်းများကို ကတ္တရာလမ်း (၂၃)လမ်း၊ အရှည် (၈)မိုင်၊ (၅)ဖာလုံ၊ ကျောက်ချောလမ်း (၈)လမ်း၊ အရှည် (၈) မိုင်၊ (၃)ဖာလုံနှင့် မြေသားလမ်း (၂၅)လမ်း၊ အရှည် (၉)မိုင်၊ (၂)ဖာလုံ ဖြစ်ပြီးတော့ ထပ်မံဆောင်ရွက်ရန် လိုအပ်သော မြို့တွင်းလမ်းများဖြစ်တဲ့ မင်းဘာကြီးလမ်း ကတ္တရာခင်းခြင်း (၃၀၀၀ ပေ x ၁၈ ပေ x ၇ လက်မ) ခန့်မှန်းကုန်ကျငွေ ကျပ် (၆၈.၈၇၅)သန်း၊ ဦးဥတ္တမလမ်းအပိုင်း(၂) ကတ္တရာခင်းခြင်း (၇၀၀ ပေ x ၁၂ ပေ x ၁၆ လက်မ) ခန့်မှန်းကုန်ကျငွေ ကျပ် (၁၆.၈)သန်း၊ မြို့သစ်လမ်း ကတ္တရာခင်းခြင်း (၁၃၅၀ ပေ x ၁၂ ပေ x ၁၆ )လက်မ၊ ခန့်မှန်းကုန်ကျငွေကျပ် (၃၂.၃)သန်း၊ ကမ်းနားလမ်းကတ္တရာခင်းခြင်း (၆၀၀ ပေ x ၁၂ ပေ x ၁၆ လက်မ )၊ ခန့်မှန်းကုန်ကျငွေ (၁၄.၃)သန်း၊ ပိုးဝါမင်းသမီးလမ်း ကတ္တရာခင်းခြင်း (၂၅၀၀ ပေ x ၁၂ ပေ x ၁၆ လက်မ)၊ ခန့်မှန်းကုန်ကျငွေ (၅၉.၇)သန်း၊ ပရဟိတလမ်း ကတ္တရာခင်းခြင်း (၂၅၀၀ ပေ x ၁၂ ပေ x ၁၆ လက်မ )၊ ခန့်မှန်းကုန်ကျငွေ (၅၉.၇)သန်း၊ ထမ္မရာဇ် လမ်းမကြီး ကတ္တရာခင်းခြင်း (၂၀၀၆ ပေ x ၁၈ ပေ x ၁၆ လက်မ)၊ ခန့်မှန်းကုန်ကျငွေကျပ် (၆၃.၆၈) သန်း၊ ထမ္မရာဇ်ဖြတ်လမ်း-၁ ကတ္တရာခင်းခြင်း (၆၀၀ ပေ x ၁၂ ပေ x ၁၆ လက်မ)၊ ခန့်မှန်းကုန်ကျ ငွေ ကျပ်(၁၄.၃)သန်း၊ ထမ္မရာဇ်ဖြတ်လမ်း-၂ ကတ္တရာခင်းခြင်း (၆၀၀ ပေ x ၁၂ ပေ x ၁၆ လက်မ)၊ ခန့်မှန်း ကုန်ကျငွေကျပ် (၁၄.၃)သန်း စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် (၃၄၃.၉၅၅)သန်း ကုန်ကျမည်ဖြစ်ပြီး တော့ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေနဲ့ ပြည်နယ်အစိုးရရန်ပုံငွေတို့မှာ လျာထားပါဝင်ခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ တရားမမှုကြီး အမှတ်(၁၀/၂၀၁၁) အမှုအား အမှန်ပေါ်ပေါက်နိုင်ရေး အတွက် စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး၏ ဖြေကြားချက်ကို ပြန်လည်မေးမြန်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် က ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ တရားမမှုကြီး အမှတ်(၁၀/၂၀၁၁)အမှုအား အမှန်ပေါ်ပေါက်နိုင်ရေး အတွက် စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး၏ ဖြေကြားချက်ကို ပြန်လည်မေးမြန်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ဒီနေ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရှိ တရားမမှုကြီး အမှတ်(၁၀/၂၀၁၁)အမှုအား အမှုမှန်ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၏ ဖြေကြားချက်ကို ပြန်လည်မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရှိ တရားမမှုကြီး အမှတ်(၁၀/၂၀၁၁)အမှုအား အမှန်တရား ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန် မေးခွန်းနှင့်စပ်လျဉ်း၍ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ ၁၁-၁၁-၂၀၁၄ တနင်္လာနေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးမှ အမှုမှန်ဖြစ်သော်လည်း စွဲဆိုရာတွင် ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တရားစွဲဆိုခဲ့ခြင်းကြောင့် အယူခံအဆင့်ဆင့်တွင် အမှုရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး ၎င်းအမှုကို ပြန်လည်ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်း ဖြေကြားသွားမှုအပေါ် ပကတိအခြေအနေနှင့် ကွဲလွဲမှုများရှိနေသည်ဟု ယူဆပါသောကြောင့် ပြန်လည် မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ကချင်ပြည်နယ် တရားရုံး ၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂ တွင် ဒေါ်ဖြူ ပါ (၄)ဦးတို့က ဦးထွန်းရွှေပါ (၃)ဦးတို့အပေါ် စုကြေးငွေ ၁၄၅၅၀၀၀၀/- နှင့် နစ်နာကြေး ၃၅ သိန်း၊ စုစုပေါင်း ၁၈၀၅၀၀၀၀/- ရလိုကြောင်း စွဲဆိုခဲ့ပါတယ်။

အဆိုပါအမှုအား စစ်ဆေးလာရာ အတောအတွင်း (၁) တရားလို ဒေါ်ဖြူက တင်ပြသည့် စုကြေးဖြတ်ပိုင်းပြေစာတွင် ခင်ပွန်းဦးစိုးသိန်း အမည်ဖြင့် အစု(၁)စု၊ သမီးဖြစ်သူ မအေးဝင်း အမည်ဖြင့် အစု(၂)စုအား ဒေါ်ဖြူက ထည့်ဝင်ခဲ့ခြင်းဖြစ်၍ ပြေစာအရဆိုရင် ဦးစိုးသိန်းနှင့် မအေးဝင်း တို့ကသာ အစုရှင်များအဖြစ် ပေါ်ပေါက်နေ၍ ဒေါ်ဖြူအမည်ဖြင့် ဆက်လက်ဆောင်ရွက်ပါက စွဲဆိုသည့်အမှုတွင် ထိခိုက်မှုဖြစ်ပေါ်လာနိုင်၍ လက်ရှိစွဲဆိုထားသော တရားမကြီး (၄၂/၂၀၀၈)အား တရားမကြီး ကျင့်ထုံးဥပဒေအမိန့်-၂၃၊ နည်း-၁(၂)အရ အမှုသစ်စွဲဆိုခွင့်နှင့်အတူ အမှုရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခဲ့၍ တရားရုံးက ခွင့်ပြုခဲ့ပါသည်။

ထို့နောက် ကချင်ပြည်နယ် တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမကြီးအမှုအမှတ်- ၂၈ တွင် ဦးစိုးသိန်းပါ (၅)ဦးတို့က ဦးထွန်းရွှေပါ (၃)ဦးတို့အပေါ် အမှုသစ်ထပ်မံ စွဲဆိုခဲ့ပါသည်။ ယင်းသို့ စွဲဆိုထားစဉ်အတွင်း တရားမစီရင်ပိုင်ခွင့် အာဏာများ တိုးမြှင့်လိုက်သည့်အတွက် ပြည်နယ်တရားရုံး၏ တရားမကြီးမှု (၂၈/၂၀၁၀)သည် ဗန်းမော်ခရိုင် တရားရုံးတော်သို့ တရားမကြီးမှုအမှတ်(၁၀/၂၀၁၁) အဖြစ် လွှဲပြောင်းရောက်ရှိလာပြီး အမှုအား ဆက်လက်စစ်ဆေးပြီးနောက် တရားရုံးက တရားလို ဦးစိုးသိန်း ပါ (၅)ဦးတို့ စွဲဆိုသောအမှုအား စရိတ်နှင့် အနိုင်ဒီကရီ ချမှတ်ပေးခဲ့ပါသည်။

ဗန်းမော်ခရိုင် တရားရုံး၏ အစီရင်ချက်နှင့်ဒီကရီအား ဦးထွန်းရွှေတို့က ကျေနပ်မှုမရှိကြ၍ ကချင်ပြည်နယ် တရားလွှတ်တော် ၂၀၁၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ်-၆ တွင် အယူခံဝင်ရောက်ကြသောအခါ တရားလွှတ်တော်က ကာလစည်းကမ်းသတ် ပြဿနာအားဖော်ထုတ် သုံးသပ်ဆုံးဖြတ်၍ ဦးစိုးသိန်း တို့ စွဲဆိုသော အမှုအား စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။

ကချင်ပြည်နယ် တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီအား ဦးစိုးသိန်း တို့က ကျေနပ်မှုမရှိ၍ ပြည်ထောင်စုလွှတ်တော်ချုပ်၊ ၂၀၁၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၅၃ တွင် အယူခံတင်သွင်းလျှောက်ထားခဲ့ရာ တရားလွှတ်တော်ချုပ်က လက်ခံ သင့်/မသင့် ကြားနာကာ အယူခံမှုအား ၈-၆-၂၀၁၂ နေ့တွင် အကျဉ်းနည်းဖြင့် ပလပ်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီအပေါ်အထူးအယူခံ ဆက်လက်တင်သွင်းရန် ငွေကြေးအင်အား မရှိကြတော့သဖြင့် ဆက်လက်တက်ရောက်နိုင်ခဲ့ခြင်း မရှိပါ။

ဦးစိုးသိန်း တို့က ထပ်မံစွဲဆိုသောအမှုတွင် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိ/မရှိ ပြဿနာအပေါ် ဦးထွန်းရွှေ တို့ဘက်က ထုချေအငြင်းပွားခြင်း မရှိသောကြောင့် တရားရုံးက ငြင်းချက်ပင် ထုတ်ခဲ့ရခြင်းမရှိသကဲ့သို့ ပထမအယူခံမှုတွင်လည်း ဦးထွန်းရွှေ တို့ဘက်က ကာလစည်းကမ်းသတ် ကိစ္စအား အယူခံအကြောင်းပြချက်အဖြစ် တင်ပြခဲ့ခြင်းလည်း မရှိပါ။ သို့ရာတွင် ကချင်ပြည်နယ် တရားလွှတ်တော်က မူလအမှုနှင့် အယူခံတွင် နှစ်ဘက်အငြင်းမပွားသော ကာလစည်းကမ်းသတ် ပြဿနာကို အယူခံအဆင့်ရောက်မှ ဖော်ထုတ်သုံးသပ်ပြီး ဦးစိုးသိန်း က တရားစွဲဆိုခွင့်သည် စုကြေးလုပ်ငန်းအား ဖျက်သိမ်းလိုက်သော ၁၅-၄-၂၀၀၇ ရက်နေ့မှစတင်၍ ပေါ်ပေါက်ကြောင်းနှင့် ၁၂-၄-၂၀၁၄ ရက်နေ့တွင် ထပ်မံစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်(၇)ရက် ကျော်လွန်ကြောင်း ကောက်ယူသုံးသပ်၍ စွဲဆိုသည့်အမှုအား စာရင်းနှင့်တကွ ပလပ်ခဲ့ခြင်းဖြစ်ပါသည်။

မူလရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်များအရ စုကြေးလုပ်ငန်း ဖျက်သိမ်းလိုက်ပြီးနောက် အစုရှင်များနှင့် စုကြေးဒိုင်တို့အကြား ငွေပြန်လည်ထုတ်ပေးရေးအတွက် (၂)လခန့်ကြာအောင် အကြိမ်ကြိမ် အခါခါ တွေ့ဆုံညှိနှိုင်းခဲ့ကြပြီး ငွေများပြန်လည်ထုတ်ပေးရန်ဆုကြေးဒိုင်က သဘောတူ ကတိပြုခဲ့သော်လည်း ငွေထုတ်ပေးခြင်းမရှိ၍ အမှုစွဲဆိုရကြောင်း ပေါ်ပေါက်ခဲ့ပါသည်။ သို့ဖြစ်ရာ စုကြေးလုပ်ငန်း ရပ်ဆိုင်းလိုက်ရုံနှင့် ပဋိညာဥ်ဖောက်ဖျက်ရာ မရောက်ရှိသေးဘဲ မူလပဋိညာဥ်အတိုင်း ငွေပြန်လည်ပေးမည် ဟု ကတိပြုပြီးနောက် မပေးပျက်ကွက်ဖြစ်ခဲ့သည့်အခါမှသာ ပဋိညာဥ်ဖောက်ဖျက်မှု စတင်ပေါ်ပေါက်လာခြင်းဖြစ်ရာ ထိုကဲ့သို့ဖောက်ဖျက်သော ၂၀၀၇ ခုနှစ် ဇွန်လခန့်တွင် တရားစွဲဆိုရန် စည်းကမ်းသတ်ကာလကို အစပြုရေတွက်ရန်ဖြစ်ပါလျက် တရားလွှတ်တော်က ဆုကြေးဖျက်သိမ်းသော ၁၅-၄-၂၀၀၇ ရက်နေ့တွင် စတင်ရေတွက်ရမည်ဟု ကောက်ယူသုံးသပ်၍ ကာလစည်းကမ်းသတ် ကာလကျော်လွန်ကြောင်း ဆုံးဖြတ်ခြင်းသည် အမှုတွဲပါ သက်သေခံချက်များ ဝန်ခံချက်အရ အငြင်းပွားဖွယ်ရာအကြောင်း ပေါ်ပေါက်လျက် ရှိပါသည်။

သို့ဖြစ်၍ ကချင်ပြည်နယ်၊ တရားလွှတ်တော်စီရင်ချက်နှင့် ဒီဂရီအား အကျဉ်းနည်း ပလပ်ခြင်းအားဖြင့် ကတိပြုရာရောက်ခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် အောက်ပါ ပြဿနာနှစ်ရပ်အတွက် အရေးယူလောက်သော ပြဿနာအဖြစ် ပေါ်ပေါက်နေပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(၁)မူလတရားရုံးနှစ်ဘက် အငြင်းပွားခြင်းမရှိ၍ ငြင်းချက်ထုတ် ကြားနာဆုံးဖြတ်ခဲ့ခြင်း မရှိသော ကာလစည်းကမ်းသတ် ပြဿနာအား နှစ်ဘက်ကြားနာခြင်းမရှိဘဲ တရားလွှတ်တော်က ပထမအယူခံမှုတွင် ဖော်ထုတ်ဆုံးဖြတ်ခြင်းကို တရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိ။ (၂) စုကြေးလုပ်ငန်း ဖျက်သိမ်းလိုက်ပြီးနောက်ပိုင်း စုကြေးဒိုင်နှင့် အစုရှင်များအကြား ငွေပြန်လည်ထုတ်ပေးရေးအတွက် အချိန်တစ်ခုအထိ အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း ပေါ်ပေါက်နေသည့်အချိန်တွင် စုကြေးလုပ်ငန်း ရုပ်သိမ်းလိုက်သော ၁၅-၄-၂၀၀၇ ရက်နေ့မှစ၍ ပဋိညာဉ်ဖောက်ဖျက်ရာ ရောက်ကြောင်းနှင့် ထိုနေ့မှအစပြုကာ စည်းကမ်းသတ်ကာလ(၃)နှစ်ရေတွက်ရမည်ဟု ဆုံးဖြတ်ခြင်းသည် ဥပဒေအရ မှန်ကန်ခြင်းရှိ/မရှိ။ ပထမအယူခံရုံးဖြစ်သော ကချင်ပြည်နယ်၊ တရားလွှတ်တော်သည် မူလရုံး၏စီရင်ချက်နှင့် ဒီကရီအပေး ထုတ်လုပ်ထားသော ငြင်းချက်နှင့်စပ်လျဉ်း၍ သက်သေခံချက်များအရ မှန်ကန်မှုရှိ/မရှိ တစ်စုံတစ်ရာဝေဖန် သုံးသပ်ခဲ့ခြင်းမရှိဘဲ မူလအမှုတွင် ပေါ်ပေါက်ခဲ့ခြင်းမရှိသော ကာလစည်းကမ်းသတ်ပြဿနာကို နှစ်ဘက်ကြားနာခြင်း မရှိဘဲ ဖော်ထုတ်ဆုံးဖြတ်ကြောင်း တွေ့ရှိနိုင်ပါသည်။

အယူခံတရားလိုများသည် မူလရုံး၏ ကာလစည်းကမ်းသတ်ဆိုင်ရာ ပြဿနာပေါ်ပေါက်ခဲ့ခြင်းမရှိ၍ ယင်းပြဿနာအပေါ် ဥပဒေနှင့်အညီ သက်သေထင်ရှား ပြသထုချေခွင့် မရရှိခဲ့သဖြင့် တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီသည် အယူခံတရားလိုများအပေါ် များစွာထိခိုက်နစ်နာစေပါသဖြင့် ယင်းပြဿနာအား သက်သေခံချက်များနှင့်အတူ အကျယ်တဝင့် တင်ပြလျှောက်ထားနိုင်ရန်အတွက် အယူခံလွှာအား ယခုအဆင့်တွင် ဆက်လက်လက်ခံပေးသင့်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါသောကြောင့် ပထမ အယူခံတရားလွှတ်တော်၏ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းသည် အမှုတွဲပါ သက်သေခံချက်များနှင့်ညီညွတ်ခြင်းရှိ/မရှိ စည်းကမ်းသတ်ကာလကို မည်သည့်နေ့ရက်အချိန်က စတင်ရေတွက်ရန် သင့်ကြောင်းတို့အား အကျယ်တဝင့် တင်ပြလျှောက်လဲလိုပါ၍ ယခုလက်ခံစိစစ်ရေး အဆင့်တွင် အယူခံတရားလိုများ၏ အယူခံလွှာအား လက်ခံပေးသင့်ပါကြောင်း တရားလို ဦးစိုးသိန်းတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမ အယူခံအမှုအမှတ်၊ ၂၅၃/ ၂၀၁၂ တွင်ချမှတ်သော စီရင်ချက်နှင့် ဒီကရီအား ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ၁၉ အရ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူး အယူခံခွင့်ပြုရန် ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လျှောက်ထားနိုင်ခဲ့ခြင်းမရှိပါ။ လျှောက်ထားခဲ့ကြခြင်း မရှိစေကာမူ ယခုအမှုတွင်ပေါ်ပေါက်နေသော ကာလစည်းကမ်းသတ် ပြဿနာသည် အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ကာ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ အရ မိမိသဘောအလျှောက် အထက်ပါပြဿနာအရ အထူးအယူခံ၊ ခုံရုံးသို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေး ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါသည်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၃း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၂၉။**

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ် ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်က ပြည်ထောင်စုတရာလွှတ်တော်ချုပ် အမှုမှာ ချမှတ်တဲ့ စီရင်ချက်နဲ့ဒီကရီကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၉ အရအထူးအယူခံဝင်ခွင့်ပြုရန်ကို အကြောင်းအမျိုးမျိုးကြောင့် လျှောက်ထားတင်ပြနိုင်ခဲ့ခြင်းမရှိတဲ့အတွက် ယင်းဥပဒေပုဒ်မ ၂၀ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မိမိသဘောအလျောက် အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးပေးနိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း မေးမြန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရအထူးအယူခံရုံးနဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စစ်ဆေးစီရင်ထားတဲ့ မည်သည့်အမှုကိုမဆို အများပြည်သူအကျိုးငှာ အရေးယူလောက်တဲ့ ပြဿနာတစ်ရပ် ပေါ်ပေါက်တယ်လို့ ပြည်ထောင်စုတရားသူကြီးချုပ်က မိမိသဘောအရ ထင်မြင်ယူဆလို့ရှိရင် အဲဒီပြဿနာကို အထူးအယူခံရုံးနဲ့ ပြန်လည်စစ်ဆေးစီရင်နိုင်ပါတယ်။ အခုအမှုကတော့ ပြည်ထောင်စုတရားသူကြီးချုပ်က ပြည်ထောင်စုတရားစီရင်ရေးပုဒ်မ ၂၀ အရဆောင်ရွက်နိုင်ရန်အတွက် ပထမဦးဆုံးဆောင်ရွက်ရမည့်တာဝန်က ပြည်ထောင်စုတရားသူကြီးချုပ်ထံကို ဒီဥပဒေပုဒ်မအရ အရေးယူပေးပါလို့ လျှောက်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုတင်ပြ လျှောက်ထားလာတဲ့အခါကျမှ ပြည်ထောင်စုတရားသူကြီးချုပ်က အခုတင်ပြတဲ့ ပြဿနာဟာ အများပြည် သူအကျိုးငှာ အရေးယူလောက်တဲ့ပြဿနာရှိ/မရှိကို စိစစ်မှာဖြစ်ပါတယ်။

ဒီလိုစိစစ်ပြီးတဲ့ အခါကျမှသာလျှင် ဒီလုပ်ပိုင်ခွင့်ကို ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရလုပ်ပိုင်ခွင့်ကို ကျင့်သုံးရန် သင့်/မသင့် အဆုံးအဖြတ်ပေးရမှာဖြစ်ပါတယ်။ ယခုအမှုကတော့ ပြည်ထောင်စုတရားသူကြီးချုပ်ထံကို ပုဒ်မ ၂၀ အရ လျှောက်ထားမှုမရှိသေးတဲ့အတွက် ပြည်ထောင်စု တရားသူကြီးချုပ်ကလည်း မဆုံးဖြတ်ရသေးတဲ့ကိစ္စဖြစ်တဲ့အတွက် မေးမြန်းတဲ့ပြဿနာကို အထူးအယူခံခုံရုံးနှင့် ပြန်လည် စစ်ဆေးစီရင်ရန် သင့်/မသင့်ကို ကြိုတင်ပြီးတော့ ဖြေကြားနိုင်ခြင်းမရှိပါကြောင်း လေးစားစွာရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသတွင် PTTEPI ကုမ္ပဏီမှ ခြံစည်းရိုး ခတ်ခြင်းကြောင့် ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေသို့ သွားရောက်၍မရဘဲ လမ်းပိတ်ဆို့နေပါ၍ ယခင် ကုမ္ပဏီများကဲ့သို့ ခြံစည်းရိုးပတ်လမ်းပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် က တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသတွင် PTTEPI ကုမ္ပဏီမှ ခြံစည်းရိုးခတ်ခြင်းကြောင့် ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေသို့ သွားရောက်၍မရဘဲ လမ်းပိတ်ဆို့ နေပါ၍ ယခင်ကုမ္ပဏီများကဲ့သို့ ခြံစည်းရိုးပတ်လမ်းပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ် ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက် ဒေသတွင် PTTEPI ကုမ္ပဏီမှ ခြံစည်းရိုးခတ်ခြင်းကြောင့် ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေသို့ သွားရောက်၍မရဘဲ လမ်းပိတ်ဆို့နေပါ၍ ယခင် ကုမ္ပဏီများကဲ့သို့ ခြံစည်းရိုးပတ်လမ်းပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေ ဖြစ်တဲ့ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသတွင် Total ကုမ္ပဏီ၊ Petronas ကုမ္ပဏီ၊ PTTEPIကုမ္ပဏီ တို့မှ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ လွန်ခဲ့သောနှစ်(၂၀)ခန့်က Total ကုမ္ပဏီ သည် ကျွန်တော်တို့ဒေသတွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ တွင် ဒေသခံပြည်သူများ၏ ဥယျာဉ်၊ ခြံမြေများကို ဖြတ်သန်းပြီး ဓာတ်ငွေ့ပိုက်လိုင်းများ ခင်းကျင်းခဲ့ရာ၌ ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သူများအား (၅)နှစ်အတွက် လျော်ကြေးငွေပေးပြီး ခြံစည်းရိုးကာရံရာတွင် လည်း ဒေသခံပြည်သူများ ဥယျာဉ်ခြံမြေသို့ ဝင်ထွက်သွားလာရာတွင် အဆင်ပြေစေရန်အတွက် လမ်း ဖောက်လုပ်ပေးကာ အဆိုပါလမ်းဖောက်လုပ်ရာတွင် ပါဝင်သည့်အပင်များ၏ လျော်ကြေးငွေကိုလည်း ပေးချေခဲ့တာကို သိရှိရပါတယ်။

ထို့အတူ Petronas ကုမ္ပဏီသည်လည်းအလားတူ Total ကုမ္ပဏီကဲ့သို့ ဆောင်ရွက်ပေး ခဲ့တာကို တွေ့ရှိရသော်လည်း ယခုလက်ရှိဆောင်ရွက်နေတဲ့ PTTEPI ကုမ္ပဏီသည် အဆိုပါ ကုမ္ပဏီ များကဲ့သို့ ဥယျာဉ်ခြံမြေသို့ ဝင်ထွက်သွားလာနိုင်ရန်အတွက် လမ်းဖောက်လုပ်ပေးခဲ့ခြင်းမရှိပါ။ ဒေသခံ ပြည်သူများအနေဖြင့် ၎င်းတို့၏ဥယျာဉ်ခြံမြေသို့ ဝင်ထွက်သွားလာ၍မရခြင်း၊ မီးဘေးအန္တရာယ် အတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်မှုမရှိခြင်း၊ ဥယျာဉ်ခြံလုပ်သားများ၏ ကျန်းမာရေး အခြေအနေအရ အရေးပေါ် ဝင်ထွက်သွားလာရန်အတွက် များစွာမှ အခက်အခဲဖြစ်နေရသော အခြေအနေကြောင့်

ဒေသခံ ဥယျာဉ်ခြံလုပ်သားများမှာ ယခင်ကုမ္ပဏီများကဲ့သို့ ဆောင်ရွက်ပေးရန် ပြောကြားခဲ့ရာ PTTEPI ကုမ္ပဏီ၏ တာဝန်ရှိသူများမှ ဖောက်လုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း ယခုအချိန်ထိ လမ်းဖောက်လုပ်ပေးခြင်းမရှိကြောင်း ဒေသခံဥယျာဉ်ခြံ လုပ်ငန်းရှင်(၁၂)ဦးမှ အကူအညီတောင်းခံ တင်ပြလာပါတယ် ခင်ဗျာ။

သို့ဖြစ်ပါ၍ PTTEPI ကုမ္ပဏီမှ ခြံစည်းရိုးခတ်ခြင်းကြောင့် ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေသို့ သွားရောက်၍ မရဘဲ လမ်းပိတ်ဆို့နေ၍ ယခင်ကုမ္ပဏီများကဲ့သို့ ခြံစည်းရိုးပတ်လမ်း ပြုလုပ်ပေးရန်အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဒေသခံဥယျာဉ်ခြံမြေ လုပ်သားများ၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၃၆။**

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် မေးမြန်းတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသမှာ PTTEPI ကုမ္ပဏီမှ ခြံစည်းရိုးခတ်ခြင်းကြောင့် ဒေသခံပြည်သူများရဲ့ ဥယျာဉ်ခြံမြေကို သွားရောက်၍မရဘဲ လမ်းပိတ်ဆို့နေပါ၍ ယခင်ကုမ္ပဏီများကဲ့သို့ ခြံစည်းရိုးပတ်လမ်း ပြုလုပ်ပေးရန်အတွက် ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအား ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်မှ ရှင်းလင်း ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းအနေနဲ့ PTTEPI ရေနံကုမ္ပဏီနဲ့ ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေရေး စာချုပ်ချုပ်ဆိုပြီး အကျိုးတူပူးပေါင်းကာ ဇောတိက သဘာဝဓာတ်ငွေ့စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ကမ်းလွန်လုပ်ကွက် M9 မှာရှိတဲ့ ဇောတိကပလက်ဖောင်းကနေပြီးတော့ ထုတ်လုပ်ရရှိတဲ့ သဘာဝဓာတ်ငွေ့များကို ကံပေါက်မှာ ရှိတဲ့ဓာတ်ငွေ့ ထိန်းဖြန့်စခန်းမှာတစ်ဆင့် ပိုက်လိုင်းဆက်သွယ်ပြီးတော့ ပြည်တွင်း အသုံးပြုရန်အတွက် ၂၀၁၄ ခုနှစ်၊ မတ်လမှစတင်ပြီး လည်းကောင်း၊ ထိုင်းနိုင်ငံကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှ စတင်ပြီးတော့ လည်းကောင်း ဓာတ်ငွေ့များပို့လွှတ် ရောင်းချလျက်ရှိပါတယ်။ စွမ်းအင်ဝန်ကြီးဌာန အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာမှာ ဇောတိကသဘာဝဓာတ်ငွေ့ ထိန်းချုပ်ဖြန့်ဖြူးရေးစခန်း တည်ဆောက်မယ့်နေရာ (၇၅.၀၄)ဧကအတွက် မြေယာနဲ့သီးနှံလျော်ကြေး (၁၆၈၈၄၆၂၂၂၅)ကျပ်ကို ၃၀-၁၁-၂၀၁၁ ရက်မှာ ပေးလျော်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

အဆိုပါ ခြံစည်းရိုးပတ်ဝန်းကျင် ခြံရှင်များကနေပြီးတော့ ခြံစည်းရိုးတစ်လျှောက် ပတ်လမ်း ဖောက်ပေးဖို့ ၂၀၁၄ ခုနှစ်၊ မတ်လခန့်ကတည်းကနေပြီးတော့ တောင်းဆိုခဲ့ကြခြင်းကြောင့် ပတ်လမ်း ဖောက်လုပ်ရန်အတွက် တောင်ကုန်း၊ လျှိုမြောင်များအား လိုအပ်သလို မြေထိုးမြေညှိခြင်းများ ဆောင်ရွက် ရမှာဖြစ်ပြီး မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့ PTTEPI ကုမ္ပဏီတို့အနေနဲ့ ဒေသခံများသွား လာရေး အဆင်ပြေစေရန်အတွက် သင့်တော်တဲ့ ပတ်လမ်းဖောက်လုပ်ပေးရန် စီစဉ်ထားရှိပြီးလည်းဖြစ် ပါတယ်။ ခြံစည်းရိုးပတ်လမ်းအား လမ်းပိတ်ဆို့ခြင်းမရှိဘဲ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ခြံစည်းရိုးမှ ပတ်လမ်းဖောက်လုပ်ရန် ရေဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၁-၁၂-၂၀၁၄ ရက်စွဲပါစာအမှတ် ၂၂၀၆/၅/၁၀-၁/ပနအ(ရေဖြူ)စာအရ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်း PTTEPI စိုက်ပျိုးရေး၊ မြေစာရင်း၊ ဆည်မြောင်းတို့မှ တာဝန်ရှိသူများ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ ခြံပိုင်ရှင်များ စုစုပေါင်း(၉)ဦးပါဝင်တဲ့ ကွင်းဆင်းစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးတော့လည်း ကွင်းဆင်းစစ်ဆေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရှာဖွေရေး အဖွဲ့ကနေပြီးတော့ ခြံစည်းရိုးမှာ အပြင်ဘက်မှာ (၃) ပေအကျယ်သာ လမ်းချန်ထားသော်လည်းပဲ တောင်ကုန်းများ၊ ချောင်းများရှိနေခြင်းကြောင့် ခြံစည်းရိုး ဘေးမှာရှိတဲ့ ဥယျာဉ်ခြံမြေများ ဝင်ထွက်သွားလာရေး အခက်အခဲရှိပါကြောင်း ခြံစည်းရိုး ပတ်လည်မှာ ယခင် Total ကုမ္ပဏီ၊ Petronas ကုမ္ပဏီများကဲ့သို့ (၁၀)ပေအကျယ်ထိပတ်လမ်း ဖောက်လုပ်ပေးသင့် ပါကြောင်းကိုလည်း အဖွဲ့မှ အကြံပြုစစ်ဆေးတင်ပြလာပါတယ်။

ယခုအခါမှာ ကွင်းဆင်းစိစစ်ရှာဖွေရေးအဖွဲ့ရဲ့ စစ်ဆေးအကြံပြုချက်များကို ရေဖြူမြို့နယ် အုပ်ချုပ်ရေးမှူးထံကို ၂၅-၁၂-၂၀၁၄ ရက်နေ့မှာ ပြန်လည်တင်ပြခဲ့ပြီးတော့ ရေဖြူမြို့နယ် အုပ်ချုပ်ရေး မှူးမှ ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူးထံကို ဆက်လက်တင်ပြ ဆောင်ရွက်ထားဆဲ ဖြစ်ပါကြောင်းနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့မှလည်း စိစစ်ဆုံးဖြတ်ချက်တွေ ရရှိလာပါက စွမ်းအင်ဝန်ကြီးဌာန အနေနဲ့ ခြံစည်းရိုးပတ်လမ်းပြုလုပ်ပေးရန်အတွက် PTTEPI ကုမ္ပဏီနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ လေးအိမ်တန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ လေးအိမ်တန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း

(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ လေးအိမ်တန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေမှာရှိတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ လေးအိမ်တန်းကျေးရွာမှာရှိတဲ့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အနီးပတ်ဝန်းကျင်ကျေးရွာများမှာရှိတဲ့ အခြေခံပညာမူလတန်းလွန်ကျောင်း(၃)ကျောင်း၊ အလယ်တန်းကျောင်းခွဲ(၁)ကျောင်းနဲ့ မူလတန်းကျောင်း(၄)ကျောင်းတို့က ကျောင်းသား/ကျောင်းသူတွေဟာ အလယ်တန်းပညာနဲ့ အထက်တန်းပညာကို အေးချမ်းပျော်ရွှင်စွာ ပညာဆည်းပူးနေတဲ့ကျောင်း တစ်ကျောင်းဖြစ်ပါတယ်။ ဒီကျောင်းနဲ့ ဆက်စပ်ပြီးပြောရမယ်ဆိုရင် ဒီကျောင်းလေးဟာ ကျွန်တော် ၁၉၈၈ ခုနှစ်လောက်မှာ သွားရောက်ပြီးတော့ စာသင်ကြားပေးခဲ့ဖူးတဲ့ ကျောင်းလေးတစ်ကျောင်းလည်း ဖြစ်ပါတယ်။

ဒေးဒရဲမြို့နယ်၊ လေးအိမ်တန်းကျေးရွာတွဲဘက် ဒီ အလယ်တန်းကျောင်းလေးမှာ စာသွားသင်ခဲ့တဲ့အချိန်မှာ ဒီရွာလေးဟာ ကရင်တိုင်းရင်းသားတွေနဲ့ ဗမာတိုင်းရင်းသားတွေ အများဆုံး နေထိုင်တဲ့ ရွာလေးတစ်ရွာဖြစ်ပါတယ်။ ခရစ်ယာန်ဘာသာဝင်တွေကလည်း ဒီပွဲတော်ရက် ရောက်ပြီဆိုရင်၊ ပွဲတော်ရက်ရောက်တဲ့အခါ၊ တနင်္ဂနွေနေ့ရောက်တဲ့ အခါတွေမှာဆိုရင် ဘုရားကျောင်းတွေမှာ ဆုတောင်းပွဲတွေ လုပ်တယ်။ ဆရာ/ဆရာမအားလုံးကို လေးလေးစားစားဖိတ်ကြားပြီးတော့ ကျွေးမွေးဧည့်ခံကြတယ်။ ဗုဒ္ဓဘာသာဝင်တွေကလည်း ဒီအတိုင်းပဲ အထိမ်းအမှတ်ပွဲတွေ၊ ဘာသာရေး နေ့ကြီးရက်ကြီးတွေမှာဆိုရင် ဆရာ/ဆရာမတွေ ကျောင်းသား/ကျောင်းသူတွေကို ဖိတ်တယ်၊ ဘုန်းကြီးကျောင်းတွေမှာ ဖိတ်တယ်။ ကျွေးမွေးကြပါတယ်။ ဘာသာကြီးနှစ်ခု ကိုယ်စီကိုးကွယ်တဲ့ ရပ်ရေးရွာရေးကို စည်းရုံးတက်ကြွစွာ လုပ်ဆောင်နေကြတဲ့ ကျေးရွာကြီးတစ်ရွာဖြစ်ပါတယ်။

ပညာရေးဖွံ့ဖြိုးဖို့၊ တိုးတက်ဖို့ လုပ်ဆောင်ကြတဲ့နေရာမှာ ငွေအား၊ လူအားနဲ့ တစ်တပ်တစ်အားကို တက်တက်ကြွကြွ ဆောင်ရွက်နေကြတဲ့ ရွာသူရွာသားတွေဖြစ်ပါတယ်။ ကျွန်တော် စာသွားသင်တဲ့(၈၈)ခုနှစ်လောက်မှာ တွဲဘက်အလယ်တန်းကျောင်းလေးမှာ ကျွန်တော် (၈)တန်းသွားသင်တဲ့အခါမှာ အဲဒီနှစ်က ကျောင်းသား/ကျောင်းသူတွေဟာ အောင်ချက်ရာခိုင်နှုန်းကောင်းတယ်။ ကျွန်တော် အဲဒီတုန်းက သင်္ချာသင်ရတယ်ပေါ့၊ အဲဒီတော့ (၂၁)ယောက်ဖြေတယ်၊ သင်္ချာ(၁၈)ယောက်နဲ့ အောင်တဲ့အခါကျတော့ ဒီကျောင်းလေးကို အောင်မြင်တဲ့သူတွေလည်းရာခိုင်နှုန်းလည်းများတယ်၊ နောက်တစ်ခါဂုဏ်ထူးထွက်တဲ့ သူတွေလည်းအများဆုံး ဖြစ်တဲ့အတွက်ဆိုပြီး နောက်နှစ်မှာ အစိုးရကျောင်းလေး

ချပေးလိုက်တယ်။ ကျွန်တော်တို့လည်း အလုပ်ပြုတ်သွားတယ်ပေါ့၊ အဲဒီမှာ အစိုးရခန့် ဆရာ/ဆရာမ တွေ ရောက်လာတဲ့အခါကျတော့ ဒီရွာလေးအတွက် ဝန်ထုပ်ဝန်ပိုးတွေ တစ်အားပေါ့သွားတယ်၊ အရင် တုန်းကဆို ကျွန်တော်တို့အတွက်ကို ဆရာ/ဆရာမတွေ ငှားဖို့အတွက် ဆရာတွေရှာရတယ်၊ ငွေကုန် ကြေးကျတွေ၊ မိဘတွေကနေပြီးတော့ စိုက်ထုတ်ရတယ်။ ဒီလို ဝန်ထုပ်ဝန်ပိုးတွေရှိပါတယ်။ အစိုးရ ကျောင်းအနေနဲ့ တရားဝင် အလယ်တန်းကျောင်း ချပေးလိုက်တဲ့အခါမှာ ဒီရွာမှာရှိတဲ့ မိဘတွေအတွက် ဝန်ထုပ်ဝန်ပိုး တွေပေါ့သွားသလို ကလေးတွေအတွက်လည်း ပိုပြီးတော့ ကျွန်တော်တို့ ပညာသင်ကြား ရေးမှာ ပိုပြီး အားကောင်းကောင်းနဲ့ ကျွန်တော်တို့ ပညာသင်ကြားနိုင်တဲ့အနေအထားကို ဖြစ်သွားပါ တယ်။

ဒါကြောင့်မို့လို့ ဒီကျောင်းလေးနဲ့ ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် ကျောင်းရဲ့ ပိုင်ဆိုင် တဲ့ မြေဧရိယာဟာ (၂.၃၀)ဧကရှိပါတယ်။ အခု ကျွန်တော်ပြောတာကတော့ ဒါ တွဲဘက်အလယ်တန်း ကျောင်းကလေး အခြေအနေလေးကိုပြောတာပါ၊ အခုတော့အဲဒီကျောင်းဟာ အခြေခံပညာ အထက် တန်းကျောင်းခွဲအဖြစ် ကျွန်တော်တို့ဖွင့်လှစ်သင်ကြားနေတဲ့ ကျောင်းကြီးတစ်ကျောင်း ဖြစ်နေပါပြီ။ အဲဒီ တော့ အဲဒီနေရာမှာ ကျောင်းရဲ့ ပိုင်ဆိုင်တဲ့မြေဧရိယာ (၂.၃၀)ဧကရှိပြီးတော့ လန(၃၉)လည်း ကျပြီး ဖြစ်ပါတယ်။ လက်ရှိကျောင်းဆောင်ဟာ (၆)ဆောင်တောင်ရှိပါတယ်ခင်ဗျ။ အလျား(၁၂၀)ပေ၊ အနံ (၃၀)ပေ၊ အမြင့်(၁၂)ပေရှိတဲ့ ကွန်ကရစ်အဆောင်က(၂)ဆောင်၊ အလျား(၉၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့် (၁၂)ပေရှိတဲ့ အဆောင်က(၁)ဆောင်၊ အလျား(၄၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၂)ပေရှိတဲ့ ကွန်ကရစ် အဆောင်က(၁)ဆောင်၊ အလျား(၈၀)ပေ အနံ(၂၀)ပေ၊ အမြင့်(၁၁)ပေရှိတဲ့ ကွန်ကရစ်အဆာင်က (၁)ဆောင်၊ အလျား(၃၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၂)ပေရှိတဲ့ အုတ်ညှပ်၊ အုတ်ခင်း အဆောင်က(၁) ဆောင် စာသင်ခန်းပေါင်းကလည်း(၁၇)ခန်းလောက် ရှိပါတယ်။ ယခုလက်ရှိ ၂၀၁၄-၂၀၁၅ ပညာသင် နှစ်မှာ သင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေဟာ မူလတန်းအဆင့်မှာ(၃၈၉)ဦး၊ အလယ်တန်း အဆင့်မှာ (၃၄၂)ဦး၊ အထက်တန်းအဆင့်မှာ (၁၈၄)ဦးတို့ဖြစ်ပြီးတော့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းဟာဆိုရင် (၉၁၅)ဦး ရှိပါတယ်။

ဒါ့အပြင်ဒေသခံမိဘပြည်သူတွေကလည်း ပညာရေးအပေါ်မှာစိတ်ဝင်တစားရှိကြပါတယ်။ ငွေအား၊ လူအား၊ အကုန်ကူညီပံ့ပိုး ဆောင်ရွက်မှုတွေကိုလည်း စိတ်အားထက်သန်စွာနဲ့ ဆောင်ရွက် နေလျက်ရှိတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ဒီအခြေခံပညာ အထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ခွင့်ကို ရရှိမယ်ဆိုရင် အနီးပတ်ဝန်းကျင်ကျေးရွာတွေက လေးအိမ်တန်းကျေးရွာမှာ အထက်တန်းပညာရပ်ကို အေးချမ်းစွာနဲ့ သင်ယူနိုင်ပြီးတော့ ဒီအခြေခံပညာရေး ကုန်ဆုံးပြီးတော့ အဆင့်မြင့်ပညာရပ်တွေကို ဆက်လက် ဆည်းပူးနိုင်ဖို့အတွက် ကျွန်တော်တို့အခြေအနေကောင်းတွေအများကြီးကို ကျွန်တော်တို့ ရရှိမှာဖြစ်ပါတယ်။ ဒီ့အပြင် ဘွဲ့ရပညာတတ်များစွာကို မွေးထုတ်ပေးနိုင်မှာ ဖြစ်တဲ့အပြင် နိုင်ငံတာဝန် ကို ထမ်းဆောင်နိုင်မယ့် နိုင်ငံ့သားကောင်းများစွာကိုလည်း မွေးဖွားပေးနိုင်မှာဖြစ်ပါတယ်။

အခုအခါမှာ အထက(ခွဲ) ကျောင်းအဖြစ် ဖွင့်လှစ်နေရတဲ့အတွက် ဒီကျောင်းအနေနဲ့ ငွေကုန် ကြေးကျ ပြဿနာတွေ ရှိပါတယ်။ ဆရာ၊ ဆရာမ ရှာဖွေရတဲ့ အခက်အခဲတွေလည်း ရှိပါတယ်။ အဲဒီရဲ့ ပြဿနာ ဝန်ထုတ်ဝန်ပိုးတွေကို မိဘတွေက ကြီးလေးစွာနဲ့ထမ်းဆောင်နေရပါတယ်။ ဒါကြောင့်မို့လို့ ဒီ ကျောင်းသားအင်အားလည်း အပြည့်အစုံရှိတယ်။ ဒီသတ်မှတ်တဲ့ ကျောင်းသားအင်အားကို ကျွန်တော်တို့

ရှိတယ်။ နောက်တစ်ခါ အဆောက်အဦတွေကလည်း ပြည့်စုံစွာနဲ့ ရှိနေတဲ့ ဒီလေးအိမ်တန်းကျေးရွာလေးရဲ့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကနေပြီးတော့ အခြေခံ ပညာ အထက်တန်းကျောင်းအဖြစ်ကို ကျွန်တော်တို့ ဖွင့်လှစ်ဖို့အတွက် တင်ပြရခြင်း ဖြစ်ပါတယ်။ အဲဒီအပြင် ဒီအထက်တန်းကျောင်း(ခွဲ)လေးဟာ သက်တမ်းအားဖြင့် (၃)နှစ်ရှိပါပြီ။ နှစ်စဉ် ကျောင်းသား တွေကလည်း တိုးတက်လာတယ်။ မိဘတွေရဲ့ စိတ်အားထက်သန်မှုတွေ၊ ကူညီပံ့ပိုးနိုင်မှုတွေဟာလည်း ရှိနေတဲ့အတွက် လေးအိမ်တန်းကျေးရွာ အခြေခံ ပညာ အထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန် ဒေသခံ ပြည်သူများ၏ အကျိုးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကယားပြည်နယ် မယ်စဲ့မြို့နယ် လမ်းဆုံကျေးရွာ၊ လယ်တောကျေးရွာ၊ ဟိုဂျစ်ကျေးရွာတို့တွင် ကျောင်းအဆင့် တိုးမြှင့်ပေးရန်နှင့် မူလတန်းကျောင်းဆောင်သစ်များ ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၄၇။**

**ဥက္ကဋ္ဌ။** ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က ကယားပြည်နယ် မယ်စဲ့မြို့နယ် လမ်းဆုံကျေးရွာ၊ လယ်တောကျေးရွာ၊ ဟိုဂျစ်ကျေးရွာတို့တွင် ကျောင်း အဆင့်တိုးမြှင့်ပေးရန်နှင့် မူလတန်းကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၇။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ် လမ်းဆုံကျေးရွာဟာ မြို့နယ်နဲ့ (၁၅)မိုင်ကွာဝေးပြီး ဝေးလံခေါင်းပါးတာကြောင့် သွားလာရခက်ခဲတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ(၂၈)ဦးနဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား (၁၂)ဦး စုစုပေါင်း(၄၀)ဦးရှိပြီးတော့မှ ပန်တိန်းတွဲဖက် မူလတန်းကျောင်း ဖြစ်ပါတယ်။ ယခုအခါမှာ ကျောင်းအဆင့်တိုးမြှင့်ပေးဖို့ အမှတ်(၂)အခြေခံပညာဦးစီးဌာနကို တင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒါပေမဲ့ စာသင်ကျောင်းဟာ ကိုယ်ထူကိုယ်ထနဲ့ တည်ဆောက်ထားပြီး နိုင်ငံတော်မှ ခန့်ထားပေးတဲ့ သင်ကြားရေးဆရာနဲ့ ဆောင်ရွက်ခဲ့တာ (၂)နှစ် ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ကျောင်းတည်ဆောက်ဖို့ မြေနေရာအကျယ်အဝန်း လုံလောက်စွာ ထားရှိပြီးဖြစ်ပါတယ်။

ဒါ့အပြင် လယ်တောကျေးရွာဟာဆိုရင်လည်း မြို့နယ်နဲ့ (၁၈)မိုင်ကွာဝေးတဲ့ ဝေးလံခေါင်ပါးတဲ့ ကျေးရွာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ(၁၇)ဦး ပန်တိန်း မူလွန်တွဲဖက်ကျောင်းအဖြစ် ဖွင့်လှစ်ပေးခဲ့တာ (၂)နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးမြှင့်နိုင်ဖို့ အမှတ်(၂) အခြေခံပညာဦးစီးဌာနကိုလည်း တင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ကျောင်းတည်ဆောက်ဖို့ မြေနေရာ (၃၀၀x၂၀၀)ပေ အကျယ်အဝန်းကျေးရွာမှ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရပါတယ်။ ထိုနည်းတူပဲ ဟိုဂျစ်ကျေးရွာ မြို့နယ်နဲ့ (၂၀)မိုင်ကွာဝေးတဲ့ ကျေးရွာတစ်ရွာဖြစ်ပြီး ဝေးလံ

ခေါင်ပါးတဲ့ သွားလာရခက်ခဲတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ (၄၇)ဦးရှိပြီး ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသားဦးရေ(၁၀)ဦး ရှိပါတယ်။ အမကနမ့်ဟူးနှင့်တွဲဘက်ကျောင်းအဖြစ် ဖွင့်လှစ်ပေးခဲ့သည်မှာ(၂)နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ကျောင်းတည်ဆောက်ရန် မြေနေရာ(၄၀၀x၅၀၀)ပေ အကျယ်အဝန်းကို ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးမြှင့်နိုင်ဖို့ အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့အချက်များဟာ ကျောင်းများမှာ ကျေးရွာပံ့ပိုးမှုနဲ့ အကျယ် (၄၀ပေx၂၀ပေx၁၂)ပေ အင်ဖက်မိုး၊ ထရံကာ၊ ဝါးသဲပြားခင်းနဲ့ သင်ကြားရေးကို ဆောင်ရွက်နေရပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြခဲ့တဲ့ အချက်အလက်များဟာ ပြည့်စုံမှုရှိနေပြီဖြစ်နေတာကြောင့် မယ်စဲ့မြို့နယ်၊ လမ်းဆုံကျေးရွာ၊ လယ်တောကျေးရွာ၊ ဟိုဂျစ်ကျေးရွာတို့မှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ပေးခြင်းနှင့် မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား သိရှိလိုပါတဲ့အတွက်ကြောင့် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၅၁။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ဦးသန့်ရှင်းက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများရဲ့ မေးခွန်းများကို ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း(၃)ကျောင်း၊ အခြေခံ ပညာ အထက်တန်း ကျောင်း(ခွဲ) (၁၄)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၃၈)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၂၁)ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း(၁၂၉)ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း(ခွဲ)(၇)ကျောင်း စုစုပေါင်း အခြေခံပညာ ကျောင်း(၂၁၃)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ဒေးဒရဲမြို့နယ်၊ လေးအိမ်တန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှာ နဝမတန်း(၁၀၉)ဦး၊ ဒသမတန်း(၆၆)ဦး စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား(၁၇၅)ဦး ရှိပါ

တယ်။ ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။ သို့ရာတွင် ကျောင်းအဆောက်အဦ မြေနေရာ ရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရ အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များအပေါ် မူတည်၍လည်း သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျော့ပြီး ကျောင်းအဆင့် တိုးမြှင့်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လေးအိမ်တန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့် ပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအဆင့်တိုး ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးစားပေးအလိုက် တန်းစီဇယားအရ သတ်မှတ်ပြီး စိစစ်ဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေရဲ့မေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း (၂)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း(၁)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(၆)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၄)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း(၁၃)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ မယ်စဲ့မြို့နယ်၊ လမ်းဆုံကျေးရွာ အခြေခံပညာ မူလတန်းကျောင်း (ခွဲ)တွင် သူငယ်တန်း(၁၀)ဦး၊ ပထမတန်း(၁၂)ဦး၊ ဒုတိယတန်း(၃)ဦး၊ တတိယတန်း(၂)ဦး၊ စတုတ္ထတန်း(၁)ဦး စုစုပေါင်း မူလတန်းအဆင့်သင် ကျောင်းသား(၂၈)ဦး၊ လယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)တွင် သူငယ်တန်း(၈)ဦး၊ ပထမတန်း(၅)ဦး၊ ဒုတိယတန်း(၂)ဦး၊ တတိယတန်း(၂)ဦး၊ စတုတ္ထတန်းမရှိပါ။ စုစုပေါင်းမူလတန်းအဆင့်သင် ကျောင်းသား(၁၇)ဦး၊ ဟိုဂျစ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)တွင် သူငယ်တန်း(၁၄)ဦး၊ ပထမတန်း(၁၈)ဦး၊ ဒုတိယတန်း(၇)ဦး၊ တတိယတန်း (၅)ဦး စတုတ္ထတန်း(၃)ဦး၊ စုစုပေါင်း မူလတန်းအဆင့်သင် ကျောင်းသား(၄၇)ဦးရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအဆောက်အဦ မြေနေရာရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ် မူတည်ပြီးတော့ သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျော့ပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေသတ်မှတ်ချက်အဆင့် မူဝါဒကိုဖြေလျော့ပြီး သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့က ဒေသအခြေအနေအရ အထက်ဖော်ပြပါ ကျောင်းများအား အခြေခံပညာမူလတန်း ကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းလျာထား ပေးသွားမည် ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများ၊

ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက်တန်းစီဇယားတွင် ထည့်သွင်း လျာထား ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအရ မြို့နယ် ဦးစား ပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယားအရ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ အခြေခံပညာကျောင်း (၄)ကျောင်းအတွက် ငွေကျပ်(၁၁၈.၈၀)သန်းကို လျာထားပြီးဖြစ်ပါတယ်။ လျာထားတင်ပြသော ကျောင်းများအနက် ဟိုဂျစ် ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အတွက် ငွေကျပ်(၂၁.၆၀)သန်းပါဝင်ပြီး ဖြစ်ပါတယ်။ ကျန် ကျောင်းများဖြစ်သည့် လမ်းဆုံကျေးရွာ၊ လယ်တောကျေးရွာ အခြေခံပညာမူလတန်း ကျောင်း(ခွဲ)များ တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၆။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၃း၅၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၁၇ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့ အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း

ကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ၊ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ခ)(င)(ည)(ဌ)(ဒ)(ပ)(ဗ)(ဘ)

၁။ ဤဥပဒေကို မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(ခ) မသန်စွမ်းမှု ဆိုသည်မှာ ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထား အမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လှုပ်ရှားနိုင်မှု မရှိခြင်းကိုဆိုသည်။

(င) ခွဲခြားဆက်ဆံမှု ဆိုသည်မှာ မသန်စွမ်းမှုကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် အခြားနယ်ပယ် အသီးသီးတွင် အခြားသူများနည်းတူ အသိအမှတ်ပြုရေးနှင့် သာတူညီမျှရရှိခံစားရေးတို့ကို အဟန့်အတား ဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ရန်

ဘေးဖယ် ချန်လှပ်ထားခြင်းနှင့် ပါဝင်လှုပ်ရှား ဆောင်ရွက်မှုကို ကန့်သတ်ထားခြင်း တို့ကိုဆိုသည်။

(ည) မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ဆိုသည်မှာ မသန်စွမ်းသူ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူ အသင်းအဖွဲ့များမှ အဖွဲ့ဝင်မဟုတ်သည့် မသန်စွမ်းသူ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်း ထားသော အသင်းချုပ်ကို ဆိုသည်။

(ဋ) ပုဂ္ဂလိက မသန်စွမ်းပညာသင်ကျောင်းဆိုသည်မှာ ဤဥပဒေအရ မသန်စွမ်းသူများကို ပညာသင်ကြား ပို့ချသည့် ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် စေတနာ့ဝန်ထမ်း ပရဟိတပိုင် အခြေခံပညာကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

(ဒ) ဝန်ကြီးဌာန ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကိုဆိုသည်။

(ပ) ဦးစီးဌာန ဆိုသည်မှာ လူမှုဝန်ထမ်း ဦးစီးဌာနကို ဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

(ဗ) မှတ်ပုံတင်အရာရှိဆိုသည်မှာ ဝန်ကြီးဌာနက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့တွင် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် တာဝန်ပေးထားသည့် လူမှုဝန်ထမ်းဦးစီးဌာနမှ အရာရှိကို ဆိုသည်။

(ဘ) မှတ်ပုံတင် ကြီးကြပ်ရေးမှူး ဆိုသည်မှာ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်အရဖြစ်စေ၊ စေတနာ့ဝန်ထမ်း အဖြစ်ဖြင့် ဖြစ်စေ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီးတာဝန်ပေးအပ်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းမှ ဝန်ထမ်း သို့မဟုတ် အစိုးရဝန်ထမ်း မဟုတ်သည့် သင့်လျော်သော နိုင်ငံသား တစ်ဦးဦးကို သော်လည်းကောင်းဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ခ)(င)(ည)(ဋ)(ဒ)(ပ)(ဗ)(ဘ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ခ)(င)(ည)(ဌ)(ဒ)(ပ) (ဗ)(ဘ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၂)၊ အပိုဒ် ၃(ဃ)(ဆ)(ဇ)(ဈ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ဃ) နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာစသည့် နယ်ပယ်အသီးသီးတွင် အခြားသူများနှင့် တန်းတူလူမှုအဖွဲ့အစည်းတွင် ပေါင်းစည်း ပါဝင်နိုင်ရန်၊

(ဆ) မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်စေရန်နှင့် ထိုသို့ခွဲခြားဆက်ဆံမှုများ မပြုစေရေးအတွက် ဥပဒေအရ ကာကွယ်ပေးရန်၊

(ဇ) မသန်စွမ်းသူများကို နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်း အကြမ်းဖက်မှုအမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးရန်နှင့် မသန်စွမ်းသူ အမျိုးသမီးနှင့် ကလေးများကို အထူးကာကွယ်ပေးရန်၊

(ဈ) မိဘမဲ့၊ ခိုကိုးရာမဲ့နှင့် မသန်စွမ်းမှု တစ်ခုထက်ပို၍ ခံစားနေရသော မသန်စွမ်းသူများကို မသန်စွမ်းမှု အမျိုးအစားအလိုက် နိုင်ငံတော်က အထူးစောင့်ရှောက် ကူညီပေးရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(ဃ)(ဆ)(ဇ)(ဈ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (ဃ)(ဆ)(ဇ)(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(၁)မှ(၁၀)အထိ၊ အပိုဒ် ၄(ခ)၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)(ဂ)(ထ)(ဒ)

## အခန်း (၃)

## မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိရောက် အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက်လိုအပ်သည့် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများပြုလုပ်ရန်(၆၀)ဦးထက်မပိုသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဥက္ကဋ္ဌ၊<br>မြန်မာနိုင်ငံမသန်စွမ်းသူများ<br>အသင်းချုပ်<br><br>ဟု ပြင်ဆင်ထားပါတယ်။ | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | ဒုတိယဝန်ကြီး၊<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဟု<br><br>ဖြည့်စွက်ထားပါတယ်။ | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | သက်ဆိုင်ရာ<br>ပြည်ထောင်စုဝန်ကြီးဌာန၊<br>တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၅) | မြန်မာနိုင်ငံ<br>အမျိုးသားလူ့အခွင့်အရေး<br>ကော်မရှင်မှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၆) | မသန်စွမ်းမှု<br>အမျိုးအစားအလိုက်<br>ရွေးချယ်စေလွှတ်သောကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |

(၇) အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၈) စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များမှ ရွေးချယ်ခြင်း ခံရသောကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၉) ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန — အတွင်းရေးမှူး

(၁၀) အတွင်းရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် — တွဲဖက်အတွင်းရေးမှူး

(ခ) အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီဝင်များသည် ဤဥပဒေအရ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့် နေ့ရက်များအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားပိုင်ခွင့် ရှိသည်။

၇။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ၏ ဘဝတိုးတက် မြင့်မားလာစေရေးနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်မူဝါဒနှင့် လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ ချမှတ်ထားသော မူဝါဒနှင့် လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအသင်းအဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ သယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လေ့လာဆန်းစစ်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီ အဆင့်ဆင့် ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ထ) မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် ဆောင်ရွက်နေသော ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များကို ထောက်ပံ့ကူညီပေးခြင်း၊

( ဒ ) မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၏ လုပ်ငန်းတာဝန်များကို ညှိနှိုင်းသတ်မှတ်ပေးခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(၁)မှ(၁၀) အထိ၊ အပိုဒ် ၄(ခ)၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)(ဂ)(ထ)(ဒ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က) (၁) မှ(၁၀)အထိ၊ အပိုဒ် ၄(ခ)၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)(ဂ)(ထ)(ဒ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၄)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ခ)(င)(ဆ)၊ အပိုဒ် ၁၆ (ခ) (ဂ) (ဃ)၊ အပိုဒ် ၁၇(ဂ)(ဃ)

၁၀။ မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ထိခိုက်နစ်နာစေသော ပြုလုပ်မှုများကို တားမြစ်သည်။

၁၂။ မသန်စွမ်းသူများသည် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှု အမျိုးအစားမခွဲခြားဘဲ အောက်ပါအတိုင်း အခွင့်အရေးများ ရရှိစေရမည်-

( ခ ) အခြားသူများနှင့်ညီမျှသော အခွင့်အရေးများရှိစေရမည်။

၁၃။ အမျိုးသားကော်မတီသည် အမွေဆက်ခံထိန်းသိမ်းရန် အခက်အခဲရှိသော မသန်စွမ်းသူများ အတွက် အစီအမံများ ချမှတ်၍ ကာကွယ်စောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၁၄။ မသန်စွမ်းသူများသည် -

(ခ) မွေးရာပါအသက်ရှင်သန်ခွင့်၊ လွတ်လပ်စွာပြောဆို ပိုင်ခွင့်နှင့်ကိုးကွယ်ပိုင်ခွင့် အပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားသူများနည်းတူ ခံစားခွင့်ရှိသည်။

(င) မိမိတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများအတွက် တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် ကျသင့်သော ရုံးခွန်ကင်းလွတ်ခွင့်ရှိသည်။

(ဆ) ကျန်းမာရေးအတွက် စမ်းသပ်စစ်ဆေးခနှင့် ကုသစရိတ်များ၊ လက်သင်္ကေတပြဘာသာစကား စကားပြန် ဝန်ဆောင်စရိတ်၊ ပြည်တွင်းခရီး သွားရာတွင် အစိုးရနှင့် ပုဂ္ဂလိကပိုင် ရေယာဉ်ခ၊ လေယာဉ်ခ၊ ရထားခနှင့် ခရီးသည်တင်ကားခများကို သတ်မှတ်ချက်များနှင့် အညီသက်သာခွင့်ရရှိရန်နှင့် မသန်စွမ်းသူကိုယ်တိုင် အသုံးပြုသည့် အထောက်အကူပြု ပစ္စည်းများကို အခမဲ့သယ်ယူခွင့်ရရှိရန် ဝန်ကြီးဌာနသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရ၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

၁၆။ မသန်စွမ်း ကလေးသူငယ်များသည် -

(ခ) ကလေးသူငယ်ဥပဒေပါ အခွင့်အရေးများအားလုံး သန်စွမ်းသူကလေးများနှင့် တန်းတူခံစားခွင့်ရှိသည်။

(ဂ) ကိုယ်တိုင်ဆုံးဖြတ် သုံးသပ်နိုင်စွမ်းမရှိသည့် ဉာဏ်ရည်ဆိုင်ရာ မသန်စွမ်းကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် တည်ဆဲဥပဒေနှင့်အညီ မိဘသို့မဟုတ် အုပ်ထိန်းသူကကိုယ်စား စီစဉ်ဆောင်ရွက်ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်း အကြမ်းဖက်မှု အမျိုးမျိုး အပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ် ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ်ရထိုက်ခွင့်ရှိသည်ဟု ဖြည့်စွက်ထားပါတယ်။

၁၇။ မသန်စွမ်း အမျိုးသမီးများသည် -

(ဂ) အမျိုးသမီးများအတွက် ဦးတည်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်တိုင်းတွင် ပါဝင်ခွင့်နှင့် အကျိုးခံစားခွင့်ရှိသည်။

(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်း အကြမ်းဖက်မှုအမျိုးမျိုး အပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ်ရထိုက်ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ခ)(င)(ဆ)၊ အပိုဒ် ၁၆(ခ) (ဂ)(ဃ)၊ အပိုဒ် ၁၇(ဂ)(ဃ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ခ)(င)(ဆ)၊ အပိုဒ် ၁၆(ခ) (ဂ)(ဃ)၊ အပိုဒ် ၁၇(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅)၊ အပိုဒ် ၂၀(က)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄(ခ)၊ အပိုဒ် ၂၅

၂၀။ မသန်စွမ်းသူတိုင်းသည် -

(က) အခြားသန်စွမ်းသူများနည်းတူ ပညာသင်ယူပိုင်ခွင့် ရှိသည်၊

၂၂။ ဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သန်စွမ်းသူများနှင့် ပေါင်းစည်း ပညာသင်ကြားနိုင်သည့် လူတိုင်းအကျုံးဝင် ပညာရေးစနစ်နှင့် ပညာရေးကောလိပ်များ၊ ပညာရေး တက္ကသိုလ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ထည့်သွင်းသင်ကြားရန် လည်းကောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် သင်ကြားနည်းစနစ်များနှင့် တစ်ဦးကိုတစ်ဦး ဆက်သွယ်ခြင်း နည်းစနစ်များ သင်ယူနိုင်ရန်လည်းကောင်း ဆောင်ရွက်ရမည်။

၂၄။ မသန်စွမ်းကလေးသူငယ်တိုင်းသည် -

(ခ) မိမိတို့ နေထိုင်ရာရပ်ရွာ သို့မဟုတ် အနီးစပ်ဆုံး ဒေသရှိ နိုင်ငံတော်ကဖွင့်လှစ်ထားသော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အခမဲ့ပညာသင်ယူခွင့်ရှိသည့် အဆင့်အထိ အခြားသူများနည်းတူ သင်ယူခွင့်ရှိသည်။

၂၅။ ဝန်ကြီးဌာနသည် ကျောင်းပညာမသင်ယူနိုင်သော မသန်စွမ်းသူများအတွက် သီးသန့်ဖွင့်လှစ်သင်ကြားပေးသော အထူးပညာရေးအစီအစဉ်၊ ကျောင်းပြင်ပပညာရေးအစီအစဉ်နှင့် အသက်မွေးဝမ်းကျောင်းပညာ အစီအစဉ်များကို ဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၀(က)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄(ခ)၊ အပိုဒ် ၂၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၀ (က)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄(ခ)၊ အပိုဒ် ၂၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၆)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(က)(ခ)(ဂ)(ဃ)(င)

၂၆။ မသန်စွမ်းသူများသည် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၂၇။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ ပေါင်းစပ်ညှိနှိုင်းချက်အရ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည် -

(က) မသန်စွမ်းမှုဖြစ်ပွားခြင်းကိုကာကွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများတွင် မသန်စွမ်းမှုဖြစ်ပွားမှုနှုန်း အနည်းဆုံး ဖြစ်စေရန် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှု အဆင့်ကိုစစ်ဆေးပြီး အကဲဖြတ် သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့်လည်းကောင်း၊ မသန်စွမ်းသူ အသင်းမှ ကျွမ်းကျင်သူများဖြင့်လည်းကောင်း မသန်စွမ်းမှု အဆင့်စိစစ် သတ်မှတ်သည့် အဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) မသန်စွမ်းသူများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ကျေးလက်ဒေသများအထိ အခမဲ့ သို့မဟုတ် မသန်စွမ်းသူများ ကျခံနိုင်သော နှုန်းထားဖြင့် ရရှိနိုင်ရန် စီစဥ်ဆောင်ရွက်ပေးခြင်း၊

(င) မသန်စွမ်းသူများအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး ဆေးပညာအရ ကိုယ်ကာယပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ပြုစုကုသရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်ပေးခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(က)(ခ)(ဂ)(ဃ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(က)(ခ)(ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၇)၊ အပိုဒ် ၂၈ ခြေဆင်း

၂၈။ အမျိုးသားကော်မတီသည် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းပြီးအောက်ပါအတိုင်း ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၈ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၈ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁(က)

အခန်း(၈)

မသန်စွမ်းသူများနိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး

၃၁။ အမျိုးသားကော်မတီသည် -

(က) မသန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန် ဆန္ဒမဲပေးရာ၌ အသုံးပြုရမည့် ပစ္စည်းကိရိယာများနှင့် ဆန္ဒမဲပေးပုံပေးနည်းများကို မသန်စွမ်းသူများ သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာ မဲဆန္ဒ နယ်မြေအလိုက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရန် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော စီမံဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၁(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၉)၊ အပိုဒ် ၃၂(က)(ခ)(ဂ)၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၄

၃၂။ အမျိုးသားကော်မတီသည်-

(က) မသန်စွမ်းသူများ လူမှုအသိုက်အဝန်းတွင် အခြားသူများနည်းတူပါဝင် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ မသန်စွမ်းသူများ၏လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်မှုများကိုမြှင့်တင်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း၊ ဘာသာစကားဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်းကောင်း မူဝါဒများ၊ စီမံချက်များနှင့် အစီအစဉ်များ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

(ခ) မိဘမဲ့၊ ခိုကိုးရာမဲ့မသန်စွမ်းသူများ နေထိုင်ရပ်တည်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဟု ဖြည့်စွက်ထားပါတယ်။

(ဂ) မသန်စွမ်းသူများအား ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များကိုရန်ပုံငွေမှ ပံ့ပိုးထောက်ပံ့ ပေးရမည်။

၃၃။ ဝန်ကြီးဌာနသည် အမျိုးသား ကော်မတီကပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)အရ ချမှတ်ထားသော မူဝါဒများ၊ စီမံချက်များ၊ အစီအစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် -

၃၄။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ ပေါင်းစပ်ညှိနှိုင်းချက်နှင့် အညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစေတနာရှင်များနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် ပြုစု ပျိုးထောင်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၂ (က)(ခ)(ဂ)၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၄ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၂(က)(ခ)(ဂ)၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀)၊အခန်းခေါင်းစဉ်၊အပိုဒ်၃၅(က)(ခ)(ဂ)(၁)(၂)(၃)(၄)(၅) အပိုဒ် ၃၆(က)(ခ)(ဂ)(စ)

အခန်း(၁၀)

မသန်စွမ်းသူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး

၃၅။ အမျိုးသားကော်မတီသည် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး -

(က) မသန်စွမ်းသူများအတွက် အခြားသူများနည်းတူ တန်းတူညီမျှ အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှုမရှိရေး၊ အဓမ္မအလုပ်စေခိုင်းမှု တားဆီးကာကွယ်ရေး၊ အလုပ်လုပ်နိုင်သော စွမ်းရည်အလိုက် လုပ်ခလစာနှင့် အကျိုးခံစားခွင့်များ တည်ဆဲဥပဒေနှင့်အညီ ရရှိရေး၊ သက်ဆိုင်ရာအလုပ်သမား အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊ အသက် မွေးဝမ်းကျောင်းပညာများ သင်ကြားခွင့်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ လုပ်ငန်းခွင်တွင်လွယ်ကူစွာဝင်ထွက်သွားလာ လုပ်ကိုင် နိုင်ရေး၊ သင့်လျော်သော နေရာထိုင်ခင်း သို့မဟုတ် အစီအစဉ်များ ဆောင်ရွက်ပေး

ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မူဝါဒနှင့် စီမံချက်များချမှတ် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများနှင့် ပုဂ္ဂလိက အသက်မွေးမှု သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြား နိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ဂ) (၁) မသန်စွမ်းသူများအတွက်ပြည်ပမှ လှူဒါန်းထောက်ပံ့သည့် ငွေကြေးနှင့် ပစ္စည်း များအပေါ် အခွန်ကင်းလွတ်ခွင့်များ ရရှိစေရန်၊

(၂) စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ မသန်စွမ်းသူများ အသုံးပြုရန် ပြည်ပမှတင်သွင်းသော အထောက်အကူပြု ပစ္စည်းကိရိယာများ၊ လေ့ကျင့် သင်ကြားရေးပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ ဆေးဝါး များ၊ ဆေးကုသရေးပစ္စည်းကိရိယာများနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်း များ တင်သွင်းခွင့်၊ အခွန်အခ ကင်းလွတ်ခွင့်များ ရရှိစေရန်၊

(၃) မသန်စွမ်းသူများနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များမှ မသန်စွမ်းသူများ အသုံးပြုရန် ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများအပေါ် အခွန်အခကင်း လွတ်ခွင့် ရရှိစေရန်၊

(၄) မသန်စွမ်းသူများကို အလုပ်အကိုင်ခန့်ထားပေးသော အဖွဲ့အစည်းများ၊ ကုမ္ပဏီ များနှင့်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များသည် သတ်မှတ်ထားသော ဝေပုံ ကျနှုန်းထား အရေအတွက်ထက် ပို၍ မသန်စွမ်းသူများကို အလုပ်ခန့်ထား ပေးပါက ပို၍ခန့်ထားသော မသန်စွမ်းသူဦးရေ အလိုက် အခွန်လျှော့ပေါ့ခွင့် ရရှိစေရန်၊

(၅) မသန်စွမ်းသူများကိုယ်တိုင် တည်ထောင်ထားသည့် စီးပွားရေး လုပ်ငန်းများ၊ ယင်းတို့ကိုယ်တိုင်ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် အခွန်ကင်းလွတ် ခွင့် သို့မဟုတ် သက်သာခွင့်များ ရရှိစေရန်။

၃၆။ အလုပ်ရှင်သည် -

(က) မသန်စွမ်းသူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနှင့် စပ်လျဉ်း၍ အမျိုးသား ကော်မတီက ချမှတ်သော မူဝါဒနှင့် စီမံချက်များကို လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) အလုပ်ခန့်ထားရာတွင် အလုပ်အကိုင် အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နိုင်စွမ်း ရှိသော မသန်စွမ်းသူများကို သင့်လျော်သော အလုပ်တွင် အမျိုးသား ကော်မတီမှ သတ်မှတ်ပေးသော ဝေပုံကျနှုန်းထား အရေအတွက်အတိုင်း ခန့်ထားရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ အလုပ်ခန့်ထားရာတွင် ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများကို ရွေးချယ်ခန့်ထားရမည်။

(ဃ) ပုဒ်မခွဲ(ခ)အရ အလုပ်ခန့်အပ်ထားသော မသန်စွမ်း အလုပ်သမား သို့မဟုတ် ဝန်ထမ်း ဦးရေစာရင်းကို လည်းကောင်း၊ အလုပ်ခန့်ထားရန်ရှိသော လစ်လပ်သည့် အလုပ်အကိုင်စာရင်းကို လည်းကောင်း၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများသို့ ပေးပို့ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အခန်း ခေါင်းစဉ်၊ အပိုဒ်၃၅(က)(ခ)(ဂ)(၁)(၂)(၃)(၄)(၅)၊ အပိုဒ် ၃၆(က) (ခ)(ဂ)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၅(က)(ခ)(ဂ) (၁)(၂)(၃)(၄)(၅)၊ အပိုဒ် ၃၆(က)(ခ)(ဂ)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၁)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(က)၊ အပိုဒ် ၃၉(ခ)၊ အပိုဒ် ၄၁(က)

၃၇။ မသန်စွမ်းသူများသည် ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန်အတွက် ၎င်းတို့၏ ဆန္ဒအလျောက် မသန်စွမ်းသူဖြစ်ကြောင်း အသိအမှတ်ပြုရန် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင် လျှောက်ထားနိုင်သည်။

**ဥက္ကဋ္ဌ**။ ။ အဲဒီမှာ ဆန္ဒအလျောက်မှာ ပါထည့်ပိုနေတယ်။

၃၈။ ဝန်ကြီးဌာနသည် -

(က) ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို မှတ်ပုံတင်အရာရှိချုပ် အဖြစ် တာဝန်ပေးရမည်။

၃၉။ မှတ်ပုံတင်အရာရှိချုပ်သည် အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်နှင့် အညီ -

(ခ) မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို ကာကွယ်နိုင်ရန် အပြည်ပြည်ဆိုင်ရာက လက်ခံထားသည့် စံနှုန်းများ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ မှတ်ပုံတင် ကြီးကြပ်ရေးမှူးသည် -

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး မသန်စွမ်းမှုနှင့် ပတ်သက်၍ ဆေးထောက်ခံချက် လက်မှတ်ထုတ်ပေးမည့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် အဖွဲ့ထံတွင် ဆေးစစ်နိုင်ရန် ဆောင်ရွက်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(က)၊ အပိုဒ် ၃၉(ခ)၊ အပိုဒ် ၄၁(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(က)၊ အပိုဒ် ၃၉(ခ)၊ အပိုဒ် ၄၁(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၁၂)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉(က)(ခ)၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃(က)(ခ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၆

၄၄။ မသန်စွမ်းသူများအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်သော အဖွဲ့အစည်းများသည် ဤဥပဒေပါ အခွင့်အရေးများ၊ လိုအပ်သောနည်းပညာများ၊ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိရေးအတွက် ၎င်းတို့၏ ဆန္ဒအလျောက် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လျှောက်ထားနိုင်သည်။

၄၅။ မသန်စွမ်းသူ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များမှ အဖွဲ့ဝင်မဟုတ်သည့် မသန်စွမ်းသူကိုယ်စားလှယ်များဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကို ဖွဲ့စည်းပြီး အမျိုးသားကော်မတီနှင့် ညှိနှိုင်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ရမည်။

၄၆။ မှတ်ပုံတင် အရာရှိချုပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ မသန်စွမ်းသူ အသင်းအဖွဲ့များကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

၄၇။ မသန်စွမ်းမှု အမျိုးအစားအလိုက်ဖြစ်စေ၊ မသန်စွမ်းမှု အမျိုးအစားများ စုပေါင်း၍ဖြစ်စေ သက်ဆိုင်ရာ မသန်စွမ်းသူများ အသင်းအဖွဲ့တစ်ခုခုကို မှတ်ပုံတင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မသန်စွမ်းသူ အသင်းမှတစ်ဆင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၈။ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်သည် ပုဒ်မ ၄၇ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် အမျိုးသားကော်မတီသို့ တင်ပြရမည်။

၄၉။ အမျိုးသားကော်မတီသည် -

(က) ပုဒ်မ ၄၈ အရ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၏ တင်ပြချက်များကို စိစစ်ပြီး အသင်းအဖွဲ့၏ မှတ်ပုံတင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ခွင့်ပြုသော မသန်စွမ်းသူများ အသင်းအဖွဲ့ကို သတ်မှတ်ထားသော မှတ်ပုံတင်ခ ပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၅၀။ ဤဥပဒေအာဏာမတည်မီက အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း ဆိုင်ရာဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေး ကြီးကြပ်ရေး ဗဟိုအဖွဲ့တွင် ဖွဲ့စည်းခဲ့သော မသန်စွမ်းသူများ အသင်းအဖွဲ့တစ်ခုခုသည် အသင်းအဖွဲ့ မှတ်ပုံတင်ရန် ဤဥပဒေ အာဏာတည်ပြီးနောက် ရက်ပေါင်း(၁၈၀)အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မသန်စွမ်းသူများ အသင်းမှတစ်ဆင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅၁။ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်သည် ပုဒ်မ ၅၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့် အတူ အမျိုးသားကော်မတီသို့ တင်ပြရမည်။

၅၂။ အမျိုးသားကော်မတီသည် ပုဒ်မ ၅၁ အရ တင်ပြချက်ကို စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းနှင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့ကို ပုဒ်မ ၄၉ နှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ မသန်စွမ်းသူများ အသင်းအဖွဲ့တစ်ခုခုသည်-

(က) မှတ်ပုံတင် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၆၀)အတွင်း သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မသန်စွမ်းသူများ အသင်းမှတစ်ဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်သို့ လျှောက်ထားရမည်ဟု ပြင်ဆင်ထားပါတယ်။

(ခ) မှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် ဒဏ်ကြေးပေးသွင်းပြီး မှတ်ပုံတင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။ သို့ရာတွင် စေတနာ့ဝန်ထမ်း ပရဟိတအသင်းအဖွဲ့ဖြစ်ပါက သတ်မှတ်ထားသည့် ဒဏ်ကြေးပေးသွင်းရန်မလိုဟု ဖြည့်စွက်ထားပါတယ်။

၅၄။ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သည် ပုဒ်မ ၅၃ အရ လျှောက်ထားချက်ကို စိစစ်၍ သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး အမျိုးသားကော်မတီ၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၆။ အမျိုးသားကော်မတီသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော မသန်စွမ်းသူများ အသင်းအဖွဲ့တစ်ခုခုက ပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ထိုအသင်းအဖွဲ့ကို အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉(က)(ခ)၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃(က)(ခ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၆ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉(က)(ခ)၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃(က)(ခ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၃)၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ ခြေဆင်း၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၄

၅၇။ ပုဂ္ဂလိကပညာသင်ကျောင်းကိုဖြစ်စေ၊ ပုဂ္ဂလိက အသက်မွေးမှု သင်တန်းကျောင်းကိုဖြစ်စေ၊ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာန ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်နေသူ သို့မဟုတ် တည်ထောင်ဖွင့်လှစ်လိုသူသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့် လျှောက်ထားရမည်။

၅၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှု ဝန်ထမ်းရုံးသည် ပုဒ်မ ၅၇ အရ ခွင့်ပြုမိန့် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူဦးစီးဌာနသို့ တင်ပြရမည်။

၅၉။ ဦးစီးဌာနသည် -

၆၀။ ပိုင်ရှင်တစ်ဦးဦးသည် ပုဂ္ဂလိက အသက်မွေးမှု သင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနတစ်ခုခုကို ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၆၀)

အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးမှ တစ်ဆင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၆၁။ ဦးစီးဌာနသည် ပုဒ်မ ၆၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၂။ ဦးစီးဌာနသည် ပုဒ်မ ၆၁ အရ ခွင့်ပြုပါက သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။

၆၃။ ဦးစီးဌာနသည် ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိသူ ပိုင်ရှင်က ပုဒ်မ ၆၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက ထိုပိုင်ရှင်ကို အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ ခေါင်းစဉ်၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ ခေါင်းစဉ်၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၄)၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇(က)(ခ)(ဂ)၊ အပိုဒ် ၆၈

၆၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက ပုဒ်မ ၄၃ အရ မသန်စွမ်းသူများအား မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း သို့မဟုတ် မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်း သို့မဟုတ် သတ်မှတ်ထားသော မသန်စွမ်းမှု အင်္ဂါရပ်နှင့် အကျုံးမဝင်တော့သဖြင့် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း မှတ်ပုံတင်အရာရှိချုပ်ထံသို့ သတ်မှတ်ချက်များနှင့် အညီ အယူခံနိုင်သည်။

၆၆။ မှတ်ပုံတင်အရာရှိချုပ်သည် ပုဒ်မ ၆၅ အရ လျှောက်ထား လာသည့် အယူခံအမှုကို စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၆၇။ အောက်ပါတို့နှင့်စပ်လျဉ်း၍ ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း အမျိုးသားကော်မတီသို့ သတ်မှတ်ချက်များနှင့် အညီ အယူခံနိုင်သည် -

(က) မှတ်ပုံတင် အရာရှိချုပ်က ပုဒ်မ ၆၆ အရ အယူခံမှုတွင် ချမှတ်သည့် ဆုံးဖြတ်ချက်၊

( ခ ) ဦးစီးဌာနကမသန်စွမ်းသူများအတွက် ပုဂ္ဂလိကပညာသင်ကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှု သင်တန်းကျောင်းနှင့် ပုဂ္ဂလိကပြန်လည်ထူထောင်ရေး ဌာနတစ်ခုခုကို တည်ထောင် ဖွင့်လှစ်လိုသူအား ခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်ထားချက်ကို ပုဒ်မ ၅၉၊ ပုဒ်မခွဲ(က) အရ ငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၆၁ အရ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

( ဂ ) ဦးစီးဌာနက ပိုင်ရှင်တစ်ဦးဦးအားပုဒ်မ ၆၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ် ချမှတ်ခြင်း။

၆၈။ အမျိုးသားကော်မတီသည် ပုဒ်မ ၆၇ အရ အယူခံမှုကို စိစစ်ပြီး မှတ်ပုံတင် အရာရှိချုပ်က ဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ ချမှတ်သည့်ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇(က)(ခ)(ဂ)၊ အပိုဒ် ၆၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇(က)(ခ)(ဂ)၊ အပိုဒ် ၆၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၅း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၅း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၅:၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း တစ်ပိုဒ်ချင်း အတည်ပြုချက်ကို ဆက်လက်ဆောင်ရွက်သွားပါမယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၅)၊ အပိုဒ် ၆၉(ဃ)(စ)၊ အပိုဒ် ၇၁

၆၉။ အမျိုးသားကော်မတီသည် ဤဥပဒေပါ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်အတွက် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်-

(ဃ) ပုဂ္ဂလိက ပညာသင်ကျောင်းများ၊ ပုဂ္ဂလိက အသက် မွေးမှုသင်တန်းကျောင်းများနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်းတို့မှ ရရှိသော အခကြေးငွေများ၊

(စ) ပုဒ်မ ၅၆ နှင့် ပုဒ်မ ၆၄ တို့ပါ စီမံခန့်ခွဲရေး ဆုံးဖြတ်ချက်အရ ချမှတ်သော ဒဏ်ကြေးများ။

၇၁။ ပုဒ်မ ၇၀ အရ ဖွဲ့စည်းသည့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေး ရှင်းတမ်း အရအသုံးငွေ စာရင်းရှင်းတမ်းများ ပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၆၉ (ဃ)(စ)၊ အပိုဒ် ၇၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၆၉(ဃ)(စ)၊ အပိုဒ် ၇၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၆)၊ အပိုဒ် ၇၃(က)(ခ)၊ အပိုဒ် ၇၄ ခြေဆင်း၊ အပိုဒ် ၇၆(က)(ဂ)၊အပိုဒ် ၇၇(ခ)(ဂ)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၀၊ အပိုဒ် ၈၂၊ အပိုဒ် ၈၃

၇၃။ မည်သည့်ပိုင်ရှင်မျှ-

(က) ပုဂ္ဂလိကပညာသင်ကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှု သင်တန်းကျောင်း၊ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများအား ဤဥပဒေအရ ခွင့်ပြုမိန့်မရှိဘဲ တည်ထောင် ဖွင့်လှစ်ခြင်း မပြုရ။

(ခ) စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်အရ ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ကာလအတွင်း အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုကို ဖွင့်လှစ်ခြင်း မပြုရ။

၇၄။ မည်သူမျှ -

၇၆။ မည်သည့် အလုပ်ရှင်မျှ -

(က) ခန့်ထားသောအလုပ်သမားနှင့် ဝန်ထမ်းဦးရေ စာရင်းကိုလည်းကောင်း၊ သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်အရ အလုပ်ခန့်ထားရန် ကျန်ရှိသော အလုပ်နေရာ အရေအတွက်၊ အလုပ်သမား အရည်အချင်းနှင့် အလုပ်အကိုင် အမျိုးအစားများကို လည်းကောင်း၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများသို့ ပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဂ) ဦးစီးဌာနမှ ဤဥပဒေပါ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးခြင်းကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ငြင်းဆိုခြင်း မပြုရ။

၇၇။ မည်သူမျှ -

(ခ) မသန်စွမ်းသူများကို နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ တလွဲအသုံးပြုခြင်း၊ အဓမ္မ အလုပ်ခိုင်းစေခြင်း မပြုရ။

(ဂ) မသန်စွမ်းသူများအား တလွဲအသုံးပြု၍ မည်သည့်အကြောင်းနှင့်မျှ ကိုယ်ကျိုးစီးပွား မရှာရ။

၇၉။ မည်သည့် ပိုင်ရှင်မဆို ပုဒ်မ ၇၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၆) လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၁၀) သိန်း ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၇၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင် ခံရလျှင် ထိုသူကို (၁) နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၁၅) သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၇ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၁) နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ် (၁၅)သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၈၃။ ဤဥပဒေအရ မှတ်ပုံတင်ထားသော မည်သည့် မသန် စွမ်းသူအသင်း အဖွဲ့ဝင်မဆို ပုဒ်မ ၇၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို (၃) လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၃) သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၆)၊ အပိုဒ် ၇၃ (က)(ခ)၊ အပိုဒ် ၇၄ ခြေဆင်း၊ အပိုဒ် ၇၆(က)(ဂ)၊အပိုဒ် ၇၇(ခ)(ဂ)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၀၊ အပိုဒ် ၈၂၊ အပိုဒ် ၈၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၆)၊ အပိုဒ် ၇၃ (က)(ခ)၊ အပိုဒ် ၇၄ ခြေဆင်း၊ အပိုဒ် ၇၆ (က)(ဂ)၊ အပိုဒ် ၇၇(ခ)(ဂ)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၀၊ အပိုဒ် ၈၂၊ အပိုဒ် ၈၃ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၇)၊ အပိုဒ် ၈၄(က)(ခ)၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂(က)(ခ)၊ အပိုဒ် ၉၃

၈၄။ ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် စောင့်ကြည့်ပြီး ကြီးကြပ်နိုင်ရေး တို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ် ဆောင်ရွက်ရန် အလို့ငှာ -

(က) ဝန်ကြီးဌာနသည် ဆက်သွယ်ခြင်းအတွက် ဗဟိုဌာန အဖြစ် ဆောင်ရွက်ရမည်။

( ခ ) ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက ဝန်ကြီးဌာနအပြင် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများကို ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနများအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးနိုင်သည်။

၈၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ပေးဆောင်ရမည့် မှတ်ပုံတင်ခ၊ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုမိန့်ထုတ်ပေးခ၊ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခနှင့် အခြားလိုအပ်သော ဝန်ဆောင်ခများကိုလည်းကောင်း၊ မှတ်ပုံတင်သက်တမ်းနှင့် ခွင့်ပြုမိန့် သက်တမ်းတို့ကို လည်းကောင်း သတ်မှတ်ထားရမည်။

၉၀။ ဝန်ကြီးဌာနသည် မသန်စွမ်းသူကို မသန်စွမ်းမှု အမျိုးအစားနှင့် အဆင့်အလိုက် ရန်ပုံငွေမှ သင့်လျော်သော အထောက်အပံ့ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

၉၁။ ရန်ပုံငွေ၊ ပရဟိတအဖွဲ့အစည်းများနှင့် မသန်စွမ်းသူအသင်းအဖွဲ့များသို့ လှူဒါန်း ထောက်ပံ့သော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့သည် တည်ဆဲဝင်ငွေခွန် ဥပဒေအရ ဝင်ငွေခွန်ကို သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရှိသည်။

၉၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) အမျိုးသားကော်မတီ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာန တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၉၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ဤဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ သာလျှင် လိုက်နာဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၇)၊ အပိုဒ် ၈၄ (က)(ခ)၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂(က)(ခ)၊ အပိုဒ် ၉၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၇)၊ အပိုဒ် ၈၄(က)(ခ)၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂(က)(ခ)၊ အပိုဒ် ၉၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၁၄)၊ အပိုဒ် ၆၇(ခ)နှင့်(ဂ) တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၂(က)(ဂ)(ဃ)(စ)(ဆ)(ဇ)(ဈ)(ဠ)(ဋ)(ဎ)(ဏ)(တ)(ထ)၊

အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(င)(စ)၊

အခန်း(၃)၊ အပိုဒ် ၄(ဂ)၊ အပိုဒ် ၅၊ အပိုဒ် ၇(ဃ)(င)(စ)(ဆ)(ဇ)(န)(ပ)(ဖ)(ဗ)(ဘ)၊

အခန်း(၄)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(က)၊ အပိုဒ် ၁၄(က)(ဂ)(ဃ)(စ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)၊ အပိုဒ် ၁၇(က)(ခ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉

အခန်း(၅) အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄(က)၊ အခန်း(၇)၊ အပိုဒ် ၂၈ (က)(ခ)(ဂ)(ဃ)(င)၊

အခန်း(၈)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁(ခ)၊

အခန်း(၉)၊ အပိုဒ် ၃၃(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၄(က)(ခ)၊

အခန်း(၁၀)၊ အပိုဒ် ၃၅(ဂ)၊ အပိုဒ် ၃၆(ဃ)(င)၊

အခန်း(၁၁)၊ အပိုဒ် ၃၈(ခ)၊ အပိုဒ် ၃၉(က)(ဂ)(ဃ)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁(ခ)၊ အပိုဒ် ၄၂(က)(ခ)(ဂ)၊ အပိုဒ် ၄၃(က)(ခ)(ဂ)(ဃ)၊

အခန်း(၁၂)၊ အပိုဒ် ၅၅(က)(ခ)(ဂ)၊ အပိုဒ် ၅၆(က)(ခ)(ဂ)၊

အခန်း(၁၃)၊ အပိုဒ် ၅၉(က)(ခ)၊ အပိုဒ် ၆၃(က)(ခ)(ဂ)၊ အပိုဒ် ၆၄(က)(ခ)(ဂ)၊

အခန်း(၁၅)၊ အပိုဒ် ၆၉(က)(ခ)(ဂ)(င)၊ အပိုဒ် ၇၀၊ အပိုဒ် ၇၂၊

အခန်း(၁၆)၊ အပိုဒ် ၇၄(က)(ခ)၊ အပိုဒ် ၇၅(က)(ခ)၊ အပိုဒ် ၇၆(ခ)၊ အပိုဒ် ၇၇(က)၊ အပိုဒ် ၇၈(က)(ခ)တို့နှင့် ပြောင်းလဲ အမှတ်စဉ်ထားသည့်

အခန်း(၁)၊ အပိုဒ် ၂ (ဓ)(န)(ဖ)(မ)၊

အခန်း(၃)၊ အပိုဒ် ၇(ဈ)(ည)(ဋ)(ဌ)(ဍ)(ပ)(ဏ)(တ)(ဓ)၊

အခန်း(၁၆)၊ အပိုဒ် ၈၁(က)(ခ)

အခန်း(၁၇)၊ အပိုဒ် ၈၅၊ အပိုဒ် ၈၆၊ အပိုဒ် ၈၇၊ အပိုဒ် ၈၈၊ အပိုဒ် ၉၄ တို့ကို မူလ အဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၉၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၉၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများ၏အခွင့်အရေးများ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၅း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ မသန်စွမ်းသူများ၏ အခွင့်အရေး များ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၄။**

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်ထောင်စု အစိုးရအဖွဲ့၏ ကိုယ်စား မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် အတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၅း၃၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၅း၃၄။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ၏ မသန်မစွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အတည်ပြုပေးရန် အဆိုတင်သွင်း ခြင်းကို ကျွန်တော် ချင်းပြည်နယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် က ထောက်ခံပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၅:၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည် ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည် ဖြစ်တဲ့အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းသည် ပြင်ဆင် ထားသည့်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၂) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၅:၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၅:၃၆ နာရီအချိန်တွင် ရပ်နားပါသည်။]